မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၃၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

လူဇင်ဘတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော လူဇင်ဘတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Jean Asselborn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ဆွေးနွေး

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် လူဇင်ဘတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Jean Asselborn အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် လူဇင်ဘတ်နိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Jean Asselborn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူမည် စာ - ၃

ပြည်သူ့လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပ စာ - ၄၊ ၅

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ စာ - ၅၊ ၆

ဧရာဝတီတိုင်းဒေသကြီးနေ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဧရာဝတီမြစ်ကူး မအူပင်တံတား စာ - ၉

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်)

ယောနိသော မနသိကာရ

လောက၌ ဝေဖန်သူနှင့် ဝေဖန်ခံရသူနှစ်မျိုးရှိ၏။ ဝေဖန်မှုသည် အတတ်ပညာတစ်ခုဖြစ်၏။ ဝေဖန်သူသည် ပွဲကြည့်ပရိသတ်ဖြစ်၏။ ဝေဖန်ခံရသူသည် လုပ်ကိုင်ဆောင်ရွက်ရသူဖြစ်၏။ အကောင်အထည်ဖော်ရသူဖြစ်၏။

ဝေဖန်ခြင်းအလုပ်သည်ကား လွယ်၏။ မည်မျှပင်ကောင်းအောင် ကြိုးစားလုပ်ဆောင်နေပါမူ ဆိုးသည်ဟု ပြောလျှင်လည်းဖြစ်၏။ ကောင်းသည်ဟု ချီးမွမ်းချင်လည်းရ၏။ ဝေဖန်ခြင်းသည် ဝေဖန်သူ၏ အလုပ်ဖြစ်၏။ သို့သော် မှန်ကန်စွာဝေဖန်ဖို့တော့လိုပါသည်။ သို့မှသာ ဝေဖန်ခံရသူအတွက် အကျိုးဖြစ်ထွန်းသည့်အပြင် ဝေဖန်သူအတွက်လည်း မှန်ကန်သောလမ်းကြောင်းပေါ်မှ လူအများ လေးစားယုံကြည်ရသူအဖြစ် ချီးမွမ်းခံရမည်။ သင့်မြတ်သော အတွေးအခေါ်အယူအဆကို နှလုံးသွင်းပါမှ မှန်ကန်သည့်ဝေဖန်မှု ဖြစ်နိုင်၏။

လူတစ်ကိုယ် စိတ်တစ်မျိုး ဆိုသည့်အတိုင်း လူအမျိုးမျိုး စိတ်အဖုံဖုံရှိကြ၏။ ကိုယ့်အတွေးအခေါ် ကိုယ့်အယူအဆသည် အမှန်ဟုယူဆတတ်ကြသူများ၏။ မိမိလုပ်ကိုင်သမျှ အရာအားလုံးသည် အမှန်ချည်းသာ ယူဆတတ်ကြ၏။ ဝေဖန်မှုအလုပ်ကိုလုပ်မည်ဆိုလျှင် အများကိုဝေဖန်ခြင်းမပြုမီ မိမိကိုယ်ကို ဦးစွာဝေဖန်သင့်၏။ မိမိ၏လုပ်ဆောင်မှုအပေါ် မှန်ကန်မှုရှိမရှိ သင့်မြတ်စွာနှလုံးသွင်း၍ ဦးစွာဝေဖန်သင့်၏။ အများက ဝေဖန်သဖြင့် ပြုပြင်ရခြင်းထက် မိမိကိုယ်မိမိ ဝေဖန်ဆန်းစစ် ပြုပြင်ခြင်းက ပို၍ကောင်း၏။ အချို့က ဝေဖန်ခံနိုင်သော်လည်း အချို့က ဝေဖန်မခံနိုင်သဖြင့် ဝေဖန်သူနှင့် ဝေဖန်ခံရသူအကြား ပဋိပက္ခဖြစ်နိုင်သည်။

မောင်ဖြူက သူလုပ်သည့်အလုပ်သည် မှန်သည် ကောင်းသည်ဟု အများကိုပြော၏။ မောင်ညိုကမူ မောင်ဖြူလုပ်သည့်အလုပ်မှာ မှားသည်ဟုဝေဖန်၏။ မောင်ညိုက သူလုပ်သည့်အလုပ်သာ မှန်သည်ဟုဆို၏။ မောင်ဖြူနှင့်မောင်ညိုတို့လုပ်သမျှအလုပ်သည် မှန်ကန်မှုမရှိကြောင်း မောင်နီက ဆိုပြန်၏။ မည်သို့ပင်ဖြစ်စေ ဝေဖန်ခံနိုင်ပြီး အမှန်ကိုသိမြင်ဖို့ လိုအပ်သည်။ ဤသို့လျှင် ကိုယ့်အယူအဆ၊ ကိုယ့်ဝါဒမှန်ကန်ခြင်း ရှိမရှိ ဝေဖန်ခံနိုင်ရမည်။

ဝေဖန်သူကလည်း အကြောင်းအကျိုး ဆီလျော်အောင် စဉ်းစားဆုံးဖြတ်ဝေဖန်ခြင်းသည်ကား အကောင်းဆုံးဖြစ်၏။ ဤသို့ ဝေဖန်မှုဖြစ်ရန်ကား သင့်မြတ်စွာ ဆန်းစစ်နှလုံးသွင်းဆင်ခြင်ရန် ဦးစွာလိုအပ်သည်။ ဤသို့ ကျိုးကြောင်းဆီလျော်စွာ နှလုံးသွင်းခြင်းကို ''ယောနိသောမနသိကာရ''ဟု မြန်မာအဘိဓာန်၌ အဓိပ္ပာယ်ဖွင့်ဆို ရေးသားဖော်ပြထား၏။

လူအများစုမှာ တစ်ခုခုအပေါ် ဝေဖန်ပြောဆိုကြရာတွင် အများအားဖြင့် မိမိ၏ အတ္တ၊ မာနတို့ကိုသာ ရှေ့တန်းတင်ပြီး ဝေဖန်ပြောဆိုနေကြ၏။ ဖြစ်သင့်သည်ထက် ဖြစ်ချင်သောဆန္ဒကလွှမ်းကဲနေ၏။ အကြောင်းနှင့် အကျိုး ဆက်စပ်ဝေဖန်မှုအားနည်းနေ၏။ နေရာတိုင်းတွင်မတူညီမှုများဖြင့်ကွဲပြားနေတတ်၏။ သို့သော် တူညီမှုများ ပေါင်းစုပြီး ပူးပေါင်းဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်၏။ မည်သည့်အလုပ်မဆို အတွေးမှန်၊ နှလုံးသွင်းမှန်ပါမှ အမြင်မှန်နိုင်မည်ဖြစ်၏။ ထို့ကြောင့် ယောနိသောမနသိကာရဟူသော စကားနှင့်အညီ ဝေဖန်သူက အကောင်းမြင်ဝါဒဖြင့် ဆန်းစစ်ဝေဖန်ပြီး ဝေဖန်ခံရသူကလည်း အမှားကိုအမှန်အဖြစ် ထောက်ပြပေးသည်ဟု အကောင်းမြင်ဝါဒဖြင့် ပြုပြင်လုပ်ဆောင်သွားကြပါလျှင် လူ့ဘောင်လောကကြီးသည်ချမ်းမြေ့မှုအဖုံဖုံ၊ တိုးတက်မှုအသွယ်သွယ်၊ သာယာဝပြောမှုပေါင်းစုံဖြင့် ထုံမွမ်းနေသည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်း။ ။

ပြည်ထောင်စုနေ့ပြခန်းများဖွင့်ပွဲ ရမည်းသင်းခရိုင်၌ကျင်းပ

ရမည်းသင်း ဖေဖော်ဝါရီ ၁၅

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ရမည်းသင်းခရိုင် ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်နှင့် ဦးတင်ဦး၊ ရမည်းသင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် ပျော်ဘွယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** တက်ရောက်လာကြသူများက ဌာနဆိုင်ရာအသီးသီးမှပြခန်းများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။ **(၄၀၆)**

ရွှေပြည်သာမြို့နယ်၌ တံတားပန္နက်တင် မင်္ဂလာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ရွှေပြည်သာမြို့နယ် (၈)ရပ်ကွက်နှင့် (၉)ရပ်ကွက်ကြားရှိ တံတားကြီးချောင်းကိုဖြတ်၍ တည်ဆောက်မည့် အမှတ်(၃)မေတ္တာပေါင်းကူးတံတား ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါနေရာ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး၊ (၈)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်၊ (၉)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ မြို့မိမြို့ဖများ၊ တံတားဖြစ်မြောက်ရေးအကျိုးဆောင်ဥက္ကဋ္ဌ ဦးရွှေစိုးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်များမှ အလှူရှင်များသည် မင်္ဂလာပန္နက်တိုင်များ စိုက်ထူပေးကြသည်။

အဆိုပါတံတားသည် လက်ရန်းပါသံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အကျယ် ၁၁ ပေ၊ အရှည် ၁၂ ပေရှိပြီး နှစ်တန်ဝန်အား ခံနိုင်စွမ်းရှိပြီး ငွေကျပ် ၇၅ သိန်း ကုန်ကျမည်ခန့်မှန်းထားကြောင်း သိရှိရသည်။ **(၁၆၆)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တနင်္သာရီတိုင်းဒေသကြီးအတွင်း ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ထားဝယ်မြို့ပေါ်ရှိ သက်ကြီးအဘွားများအား အာဟာရကျွေးမွေးခြင်း၊ ထောက်ပံ့ငွေပေးအပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌသည် ယမန်နေ့နံနက် ၈ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ပြည်သူလူထုအခြေပြု တီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်သူ ဗဟိုအဆင့်သင်တန်းဖွင့်ပွဲတွင် သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်၊ မြို့နယ်ခွဲ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မသန်စွမ်းစစ်သည်များအား ထောက်ပံ့ဂုဏ်ပြု

ပဲခူး ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ မသန်စွမ်းစစ်သည်များအား ထောက်ပံ့ငွေနှင့် လမ်းလျှောက်အကူပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်းက အမှာစကားပြောကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် မသန်စွမ်းစစ်သည် ၈၅ ဦးအား ထောက်ပံ့ငွေကျပ် ၁၇ သိန်းနှင့် လမ်းလျှောက်အကူပစ္စည်း တန်ဖိုးငွေကျပ်နှစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)**

ကျိုက်ဝိုင်းစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့် ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်ကြီး၏ (၁၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၅ နာရီက အဆိုပါစေတီတော် မုခ်ဦး၌ကျင်းပရာ ရှေးဦးစွာ စေတီတော် အလှည့်ကျ ဂေါပကအဖွဲ့ဝင် ဦးဝင်းကိုက ဗုဒ္ဓပူဇနီယပွဲတော်နှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မရမ်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးဝင်းမော်၊ အလှည့်ကျ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကို၊ အလက (၅) ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်နှင့် အမှတ်(၅) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးထွန်းတို့က ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စေတီတော်ကြီးကို လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ပန်ဆိုင်း(ကြူကုတ်)၌ မီးသတ်ယာဉ် လွှဲပြောင်းပေးအပ်

မူဆယ် ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်) အမက(၁)မူလွန်ကျောင်း စုစည်းခန်းမ၌ ဇန်နဝါရီ ၂၁ရက် ကမီးသတ်ယာဉ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပရာ ပန်ဆိုင်း(ကြူကုတ်) မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးမောင်ကအမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား ဦးအားချိုက မီးသတ်ယာဉ်သော့ကို မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

တပ်ဆင်ပေး

ထို့နောက်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး ပန်ဆိုင်း(ကြူကုတ်) အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မူဆယ်မြို့နယ် မီးသတ်ဦးစီးမှူးက ရာထူးတံဆိပ်များတပ်ဆင်ပေးသည်။

အဆိုပါ မီးသတ်ယာဉ်ကို အလှူရှင် ၇၃ဦးက ထည့်ဝင်လှူဒါန်းခဲ့ရာ တန်ဖိုးငွေကျပ်သိန်း ၂၄၀ ကျော်ဖြစ်ပြီး တုန်ဖုန်းအမျိုးအစား၊ ခြောက်ဘီးတပ်၊ ရေဂါလန် ၁၅၀၀ဆံ့ မီးသတ်ယာဉ်ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန် /ဆက်)**

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု မော်လမြိုင်ကျွန်း၌ ကတ္တရာလမ်းဖွင့်ပွဲ ကျင်းပ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၅

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့ရှိ တပင်ရွှေထီးလမ်းအပိုင်း (၁/၂) ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီက မြို့မ(၁၂)ရပ်ကွက် အဆိုပါလမ်း၌ ကျင်းပသည်။

ဖွင့်လှစ်

ဖွင့်ပွဲတွင် တပင်ရွှေထီးကတ္တရာလမ်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်နှင့် တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ တပင်ရွှေထီး ကတ္တရာလမ်းမှာ အလျား ၁၄၆၇ ပေ၊ အကျယ် ပေ ၂၀ ရှိပြီး တန်ဖိုးငွေကျပ် ၂၁၂ သိန်းကျော် အကုန်အကျခံ ဖောက်လုပ်ထားကြောင်း သိရှိရသည်။ **(ဝ၆၅)**

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မြောက်ဥက္ကလာပမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးရှေ့အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လူဇင်ဘတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လူဇင်ဘတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Jean Asselborn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြောကြား

ထိုသို့တွေ့ဆုံစဉ် ဧည့်သည်တော် လူဇင်ဘတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံတွင် ပြည်ထောင်စုအစိုးရသစ်လက်ထက်၌ နိုင်ငံတကာမှ လက်ခံကြိုဆိုလာအောင် စွမ်းဆောင်ကြိုးပမ်းနိုင်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်လို၍ လာရောက်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မြန်မာ့နိုင်ငံရေး ပြောင်းလဲဖြစ်ပေါ် တိုးတက်မှု ဖြစ်စဉ်များတွင် လွှတ်တော်၏အခန်းကဏ္ဍမှ ဆောင်ရွက်ချက်များအား ပြောကြားပြီး ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဝမ်းမြောက်ဂုဏ်ယူစွာ ကြိုဆိုပါကြောင်း ပြောကြားသည်။

စုံညီစွာတက်ရောက်

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လူဇင်ဘတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Jean Asselborn အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ အဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျပန်နိုင်ငံ အထက်လွှတ်တော် အမတ်ဟောင်းနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးလွှတ်တော်အဖွဲ့ ၏ အကြီးတန်းအကြံပေးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျပန်နိုင်ငံ အထက်လွှတ်တော် အမတ်ဟောင်းနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေး လွှတ်တော်အဖွဲ့၏ အကြီးတန်းအကြံပေး Mr. Hideo WATANABE ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျပန်နိုင်ငံ အထက်လွှတ်တော် အမတ်ဟောင်းနှင့် ဂျပန်-မြန်မာချစ်ကြည်ရေး လွှတ်တော်အဖွဲ့၏ အကြီးတန်းအကြံပေး Mr. Hideo WATANABE ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီဆောင် (၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ဂျပန်နိုင်ငံ လက်ရှိ အာဏာရပါတီအမတ် Mr. Yoshito SENGOKU က ဂျပန်-မြန်မာ ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရာ၌ စီးပွားရေးကဏ္ဍတွင်သာမက ချစ်ကြည်ရင်းနှီးမှုနှင့် အခြားသော ကဏ္ဍများတွင်လည်း ဘက်စုံ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ယခုကဲ့သို့ မြန်မာနိုင်ငံကိုလာရောက်လည်ပတ်လေ့လာမှုအတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်းနှင့် အတွေ့အကြုံနုနယ်သေးသည့် မိမိတို့လွှတ်တော်အနေဖြင့် ဂျပန်နိုင်ငံ၏ ရင့်ကျက်ပြည့်စုံကြွယ်ဝပြီးသော လွှတ်တော်များ ဖွဲ့စည်းဆောင်ရွက်မှုများအပေါ်မှ အတွေ့အကြုံနှင့် အကြံကောင်း၊ ဉာဏ်ကောင်းများ လက်ခံရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ပေးအပ်ကူညီ

ထို့နောက် ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးက ဂျပန်နှင့်မြန်မာ နှစ်နိုင်ငံအကြား ဆက်ဆံရေးအခြေအနေ အထူးကောင်းမွန် တိုးတက်နေသည့်အတွက် ဝမ်းမြောက်ကြောင်း၊ မိမိတို့ လွှတ်တော်ကော်မတီများ၊ ကော်မတီဝင်များ၏ အရည်အသွေး တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မိမိတို့နိုင်ငံတွင် လက်ရှိနိုင်ငံရေး တိုးတက်ပြောင်းလဲမှု အခြေအနေကောင်းများ ဖြစ်ပေါ်နေသကဲ့သို့ စီးပွားရေး၊ လူမှုရေးနှင့် အခြားကဏ္ဍများတွင်လည်း စနစ်တကျ တိုးတက်ပြောင်းလဲ ဖြစ်ပေါ်နေမှုများကို တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပါမှ နိုင်ငံသားများ၏ စားဝတ်နေရေး၊ လူနေမှုအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့အတွက် မိတ်ဆွေနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံအနေဖြင့် ရင့်ကျက်ပြည့်ဝပြီးဖြစ်သော အတွေ့အကြုံများအပေါ်မူတည်ကာ မိမိတို့နိုင်ငံ၏ လူမှုစီးပွားနှင့် အခြားသောကဏ္ဍရပ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အကြံဉာဏ်ကောင်းများ ပေးအပ်ကူညီနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် အတွင်းရေးမှူးများ၊ ကော်မတီဝင်များ တက်ရောက်ကြပြီး ဂျပန်ကိုယ်စားလှယ်အဖွဲ့နှင့် အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Takashi SAITO လည်း တက်ရောက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဂျပန်ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပြည်သူ့လွှတ်တော်စတုတ္ထနေ့ ကျင်းပနေမှုများကို သွားရောက် လေ့လာကြည့်ရှုကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိရာ ဖေဖော်ဝါရီ ၁၅ရက်တွင် ဦးဆလိုင်းအောင်မင်းလှိုင်အပါအဝင် ပုဂ္ဂိုလ် ၁၈ ဦးက အရှိုချင်းအမျိုးသားပါတီ (Asho Chin National Party)ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄နှင့် ပုဒ်မ ၆ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ဒလမြို့နယ် အမက(၁၂)ကျောင်းဝင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း ဖတ်ကြားစဉ်။ (၁၅၁)

၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဗဟိုသန်းခေါင်စာရင်းကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမည့် အစီအစဉ်၊ ဖွဲ့စည်းဆောင်ရွက်ရမည့် ကော်မတီအဆင့်ဆင့်၊ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့် အစီအစဉ်နှင့် အချိန်ကာလ သတ်မှတ်ချက်၊ ဌာနဆိုင်ရာအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့်အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ဗဟိုသန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူးနှင့် ဗဟိုသန်းခေါင်စာရင်း ကော်မတီအဖွဲ့ဝင်များက ဌာနအလိုက်ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများ၊ နောက်ထပ်ကျင်းပမည့် အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးသင့်သည့် အချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟိုသန်းခေါင်စာရင်းကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပ

မေးခွန်း(၁၂)ခု မေးမြန်းဖြေကြားခြင်း၊ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ အဆိုအသစ်(၂)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၂)ခု တင်သွင်းခြင်းတို့ဆောင်ရွက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၆၂)ဦးတို့ တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈ (ခ)အရ ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးညီညီဇော်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးသည်။

အစည်းအဝေး၌ မေးခွန်း(၁၂)ခု မေးမြန်းဖြေကြားခြင်း၊ လွှတ်တော်၏အတည်ပြုချက်ရယူခြင်း၊ အဆိုအသစ်(၂)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်ကြရာတွင် လွှတ်တော်အနေဖြင့် အောင်အောင်မြင်မြင် စည်းစည်းလုံးလုံးဖြစ်စေရန်အတွက် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် အယူဝါဒစွဲများနှင့် ဌာနစွဲများ လွန်ကဲစွာမထားကြဘဲ မျှတသော စိတ်ကောင်းစေတနာဖြင့် နိုင်ငံတော် နိုင်ငံသားများနှင့် ပြည်ထောင်စုအကျိုးစီးပွားအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် အားလုံးတက်ညီလက်ညီ ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်၏ **ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်ကဲ့သို့ ဘွဲ့လွန်ပညာများသင်ကြားပေးသည့် တက္ကသိုလ်ကြီးများတွင် သတင်းစာပညာ ဘာသာရပ်ကို ဘွဲ့လွန်ဒီပလိုမာသင်တန်းအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေးက **ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ) သင်တန်းကို ၂၁-၁-၂၀၀၈ ရက်မှစတင်၍ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ၄င်းသင်တန်းသား၊ သင်တန်းသူများသည် စာတွေ့(၃)နှစ်၊ လက်တွေ့(၆)လ စုစုပေါင်း (၃)နှစ်(၆)လ သင်ယူခဲ့ကြပြီး ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ရရှိခဲ့ကြသဖြင့် ပြင်ပမီဒီယာလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြပြီဖြစ်ပါကြောင်း၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ) ဘွဲ့ရရှိခဲ့သူများအနက်မှ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသော ဘွဲ့ရကျောင်းသား၊ ကျောင်းသူများကို စိစစ်ရွေးချယ်ပြီး မဟာဝိဇ္ဇာသတင်းအတတ်ပညာ အရည်အချင်းစစ်သင်တန်းကို ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်ကြားမည့် ဆရာ၊ ဆရာမများမွေးထုတ်ပေးပြီး အထက်မြန်မာပြည်တွင်လည်း ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)သင်တန်းဖွင့်လှစ်ပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။**

သို့ပါ၍ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် "ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)သင်တန်း"ကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှ စတင်၍ သင်ကြားပို့ချပေးလျက်ရှိပြီး "မဟာဝိဇ္ဇာသတင်းအတတ်ပညာ အရည်အချင်းစစ်သင်တန်း"ကိုလည်း ၂၀၁၂ ခုနှစ်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကာ အထက်မြန်မာပြည်၌လည်း သင်ကြားမည့် အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမများ လုံလောက်စွာမွေးထုတ်ပေးနိုင်သည့် အချိန်တွင် သင့်လျော်သည့် တက္ကသိုလ်တစ်ခုခု၌ ဘွဲ့လွန်ဒီပလိုမာ(Journalism) သင်တန်းဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ အလုပ်သမားရေးရာနှင့် မီးသတ်ဦးစီးဌာနဆိုင်ရာ မေးခွန်း(၃)ခုနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၏ **မြို့ပြကျေးလက်အလုပ်လက်မဲ့ ပြဿနာကို လျော့ကျသက်သာရအောင် နိုင်ငံတော်အနေဖြင့် မည်သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ **နိုင်ငံတော်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် လုပ်သားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရရှိစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် အလုပ်ရှာဖွေသူများ ချိတ်ဆက်ပေးနိုင်ရေးနည်းဗျူဟာများရေးဆွဲရန်၊ အလုပ်အကိုင် အမျိုးအစားအသစ်များပေါ်ထွန်းလာနိုင်ရေး တွန်းအားပေးရန်၊ ပြည်ပလုပ်သားဈေးကွက်တွင် ထိုးဖောက်နိုင်ရန်၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးပွားလာစေပြီး ပြည်တွင်းအလုပ်အကိုင်ဈေးကွက်ပေါ်ထွန်းလာစေရန်နှင့် အလုပ်ရှာဖွေသူများအား လိုအပ်သောကျွမ်းကျင်မှုရရှိအောင် လေ့ကျင့်ပေးခြင်းဖြင့် အလုပ်ဝင်ရောက်မှု ချောမွေ့စေရန် စီစဉ်ပေးသွားမည်ဖြစ်ပါကြောင်း။**

နိုင်ငံတော်က အထူးစီးပွားရေးဇုန်များထူထောင်ခြင်း၊ နှစ်တိုနှစ်ရှည်စီမံကိန်းများဖြင့် အခြေခံအဆောက်အအုံများအားဖြည့်ပေးခြင်း၊ စက်မှုဇုန်(၁၈)ဇုန်နှင့် ကျေးလက်ဒေသများတွင် စက်မှုနယ်မြေများ တည်ထောင်ပေးရန်ရှိခြင်း၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကုန်တိုက်ကြီးများကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်များပြားလာသည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိခဲ့ပါကြောင်း။

Statistical Yearbook for Asia and the Pacific 2011 အရ အလုပ်လက်မဲ့နှုန်းမှာ အာဆီယံနိုင်ငံများ၌ (၅ ဒသမ ၂)ရာခိုင်နှုန်း၊ တစ်ကမ္ဘာလုံးတွင် (၆ ဒသမ၃) ရာခိုင်နှုန်းရှိကြောင်း သိရှိရပြီး မြန်မာနိုင်ငံတွင် အလုပ်လက်မဲ့နှုန်း (၄)ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါကြောင်း။

ပြည်ပလုပ်သားဈေးကွက်များတွင် မြန်မာလုပ်သား(၃)သန်းခန့် သွားရောက်လုပ်ကိုင်နေပါသဖြင့် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းတချို့ပေါ်ပေါက်လာသည်ကို တွေ့ရပါကြောင်း၊ ပြည်ပနိုင်ငံများသို့ ယခင်က အမျိုးသားများကိုသာစေလွှတ်ခဲ့ရာ ယခုအခါ အမျိုးသမီးများအား လုံခြုံစိတ်ချရသော အလုပ်ဌာနများသို့စေလွှတ်ရန် ခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း၊ အလုပ်ရှာဖွေသူများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို Labour Exchange Office ရုံးများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်ပတွင်တရားဝင်အလုပ်လုပ်နေသူများအား မော်တော်ယာဉ်တင်သွင်းခွင့်ပြုခြင်း၊ ဝင်ငွေခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်းစသည့် ဖြေလျှော့ပေးမှုများကလည်း အလုပ်လုပ်နေသူများအတွက် အခွင့်အလမ်းကောင်းများပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုးတက်ပြုပြင်ပြောင်းလဲဖြစ်ပေါ်မှုများအရ မကြာမီက မြန်မာနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စုနှင့် EU တို့မှ ပိတ်ပင်တားဆီးအရေးယူမှုများမှ အချို့ကို ပြန်လည်သုံးသပ်လျှော့ပေါ့မှုများရှိခဲ့ရာ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီများ ရရှိလာနိုင်တော့မည် ဖြစ်ပါကြောင်း၊ ထိုအခြေအနေများနှင့် တစ်ဆက်တစ်စပ်တည်း အနာဂတ်ကာလတွင်လည်း ပိတ်ပင်တားဆီးမှုများ ဆက်လက်လျော့ပါးလာနိုင်သည့် အလားအလာများအရ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်ဖြစ်ပေါ်လာနိုင်၍ မြို့ပြကျေးလက် အလုပ်လက်မဲ့ပြဿနာသည်လည်း လျော့ကျသက်သာလာနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်အေးမြင့်၏ **ရွှေတောင်မြို့နယ် မယားမာန်အုပ်စု၊ ကျီးသဲအုပ်စု၊ ညောင်စာရေး အုပ်စုနှင့် တရုတ်မှော်အုပ်စုတို့ရှိ မီးသတ်ကား (၄)စီးကို အသစ်လဲလှယ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် **ရွှေတောင်မြို့ သရက်တောရပ်ကွက်ရှိ မီးသတ်ကားကို အရေးကြုံသည့်အခါ အသုံးပြုရန် အခက်အခဲများစွာ တွေ့နေရပါသဖြင့် အသစ်လဲလှယ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ ၎င်းမီးသတ်ရေယာဉ်(၄) စီးသည် နှစ်(၄၀) အထက် သက်တမ်းလွန် မီးသတ်ယာဉ်များဖြစ်ပါကြောင်း၊ နိုင်ငံတော် တစ်ဝန်းလုံးတွင် နှစ်(၄၀)အထက် သက်တမ်းလွန်မီးသတ်ယာဉ် (၄၁၈)စီးရှိရာ လာမည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ ဦးစားပေးအဆင့်အလိုက် အစားထိုး ဖြည့်တင်းရေးစီမံကိန်း ရေးဆွဲတင်ပြထားပါကြောင်း။

သက်တမ်းလွန်မီးသတ်ယာဉ်များအား အစားထိုးဖြည့်တင်းရန် ဦးစားပေးအဆင့် သတ်မှတ်ရာတွင် မြို့တော်၊ ပြည်နယ်/တိုင်းဒေသကြီးမြို့တော်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ကျေးလက်အုပ်စုစသည့် အစီအစဉ်အပြင် နိုင်ငံတကာတွင် မီးသတ်စခန်းများနှင့် မီးသတ်ယာဉ်များဖြန့်ခွဲနေရာချထားရေးအတွက် ထည့်သွင်းစဉ်းစားရသော အချက်အလက်စံနှုန်းများဖြစ်သည့် အိမ်ခြေနှင့်လူဦးရေထူထပ်မှု အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများတည်ရှိမှု (၁၀)နှစ်အတွင်း ဖြစ်ပွားခဲ့သည့် မီးလောင်မှုအကြိမ်နှင့် ဆုံးရှုံးမှုတန်ဖိုး၊ မီးသတ်ယာဉ်ဝင်/ထွက်နိုင်သည့် လမ်းများ စသည့်အချက်များပေါ်တွင်မူတည်၍ ဦးစားပေးအဆင့် သတ်မှတ်အစားထိုး ဖြည့်တင်းသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ပထမမေးခွန်းပါ သက်တမ်းလွန်မီးသတ်ယာဉ်(၄)စီးသည် ဦးစားပေးအဆင့် နောက်ပိုင်းတွင် ရောက်ရှိနေသဖြင့် လတ်တလောအဆင်ပြေစေရန် အဆိုပါ ကျေးရွာအုပ်စုများ မီးဘေးလုံခြုံရေးအတွက် အပေါ့စားမီးသတ်စက်(၄)လုံးအား ယခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ထုတ်ပေးပြီးဖြစ်ပါကြောင်း။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါ မီးသတ်ယာဉ်သည် နှစ် (၄၀)အထက် သက်တမ်းလွန် မီးသတ်ယာဉ်ဖြစ်သော်လည်း လက်ရှိအသုံးပြုရန် "သင့်"အခြေအနေတွင် ရှိပါကြောင်း၊ "သင့်"အခြေအနေသတ်မှတ်ချက်မှာ စက်ပစ္စည်း၏သဘောသဘာဝအရ အနည်းငယ်ချို့ယွင်းမှုရှိသော်လည်း မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ၂၄ နာရီကြာချိန်အထိ အင်ဂျင်ပိုင်း၊ ပန့်ပိုင်းဆိုင်ရာများကို ပျက်စီးချို့ယွင်းမှု မရှိဘဲအသုံးပြုနိုင်ပြီး မီးသတ်ယာဉ်၏ဆေးဘော်ဒီပိုင်းစသည့် အပြင်ရုပ်ပိုင်းဆိုင်ရာများ အားနည်းချက်ရှိခြင်းကို ဆိုလိုပါကြောင်း။

သို့ဖြစ်၍ သရက်တောရပ်ကွက်ရှိ နှစ်(၄၀)အထက် သက်တမ်းလွန် မီးသတ်ယာဉ် (၁)စီးကို ဦးစားပေးအဆင့်အရ လတ်တလောအခြေအနေတွင် အစားထိုးလဲလှယ်ပေးနိုင်ခြင်းမရှိသည့်အတွက် ရပ်ကွက်မီးဘေးကာကွယ်ရေး အထောက်အကူဖြစ်စေရန် အပေါ့စားမီးသတ်စက်(၁)လုံးကို ယခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ထုတ်ပေးထားပြီးဖြစ်ပါကြောင်း၊ ရွှေတောင်မြို့နယ် မီးသတ်စခန်းသည် (၃)ယူနစ်အဆင့် မီးသတ်စခန်းဖြစ်ပြီး စီမံကိန်းဝင်လုပ်ငန်းများတည်ရှိရာ မြို့နယ်ဖြစ်သောကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မီးသတ်ယာဉ် (၁)စီး ဖြည့်တင်းပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ အားကစားဆိုင်ရာမေးခွန်း(၃)ခုနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြန်လည်ဖြေကြားသည်။

မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **မြင်းခြံခရိုင် ပြည်သူ့အားကစားပြိုင်ကွင်း ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၏ **မိုင်းပြင်းမြို့ အားကစားကွင်းကို အဆင့်မြှင့်တင်ပေးမည့်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ **အားကစားဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ခုနှစ် ဒီဇင်ဘာလအတွင်း (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နေပြည်တော်တွင် အိမ်ရှင်အဖြစ်အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် လိုအပ်သည့် အားကစားကွင်း/အားကစားရုံများနှင့် အားကစားရွာတို့တည်ဆောက်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေရပါသဖြင့် မေးခွန်းများတွင်ပါရှိသည့် အားကစားကွင်းများ အဆင့်မြှင့်ပြုပြင်ပေးနိုင်ရန်ကိစ္စနှင့်ပတ်သက်၍ ယခုလက်ရှိ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြီးစီးသည့်အချိန်မှသာ စိစစ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်၏ **ရွှေတောင်မြို့တွင် ခန့်ထားသည့် အချိန်ပိုင်း အစမ်းခန့်အားကစားနည်းစနစ်မှူးအား အမြဲတမ်းအားကစားနည်းစနစ်မှူးအဖြစ် တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရွှေတောင်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူးအား ၂၁-၉-၂၀၀၉ ရက်မှစ၍ နည်းပြ(နည်းစနစ်)ပုတ်ပြတ်ရာထူးဖြင့် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ပုတ်ပြတ်ရာထူးဟုဆိုသော်လည်း တာဝန်ထမ်းဆောင်ချိန်တွင် လစာ၊ သက်သာအပိုထောက်ပံ့ကြေး၊ သာရေး/နာရေး ထောက်ပံ့ကြေးစသည့် အခွင့်အရေးများကို အခြားနည်းစနစ်မှူးများနည်းတူ ရရှိခံစားစေခဲ့ပါကြောင်း။

အဆိုပါဝန်ထမ်းအနေဖြင့် လက်ဝှေ့အားကစားနည်းတွင် ဝန်ကြီးဌာန တံခွန်စိုက်အဆင့် ယှဉ်ပြိုင်ခဲ့သူဖြစ်ရာ ဒေသတွင်းအားကစား လူတော်/သွေးသစ်များ ရှာဖွေလေ့ကျင့်ပေးနိုင်ရေးအတွက်ရည်ရွယ်၍ တာဝန်ပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

တာဝန်ထမ်းဆောင်မှု(၂)နှစ်တာအတွင်း ၎င်းကျွမ်းကျင်သော လက်ဝှေ့အားကစားနည်းအပါအဝင် ရွှေတောင်မြို့နယ်၏ အခြားအားကစားဖွံ့ဖြိုးတိုးတက်မှုကို ပေါ်လွင်ထင်ရှားစွာ တာဝန်ယူဆောင်ရွက်နိုင်ခြင်း ထင်ထင်ရှားရှားမတွေ့ရခြင်းကြောင့် အမြဲတမ်းဝန်ထမ်းမဖြစ်ဘဲ ကျန်ရှိနေခြင်းဖြစ်ပါကြောင်း၊ ၎င်းကဲ့သို့ အခြားပုတ်ပြတ်နည်းစနစ်မှူးများလည်း ကျန်ရှိနေကြသေးပါကြောင်း။

အားကစားဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအသစ်တွင် မြို့နယ်တိုင်း၌ နည်းစနစ်မှူး တာဝန်ခန့်အပ်ပေးသွားမည်ဖြစ်ရာ အဆိုပါဝန်ထမ်း၏ Performance အပေါ်မူတည်၍ အမြဲတမ်းဝန်ထမ်းအဖြစ် စိစစ်ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၏ ဆက်သွယ်ရေးဆိုင်ရာမေးခွန်း(၄)ခုနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ပြန်လည်ဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း၏ **လင်းခေးခရိုင်အတွင်းရှိ မောက်မယ်၊ မိုးနဲ၊ လင်းခေး၊ မိုင်းပန်နှင့် ဟိုမိန်းမြို့နယ်ခွဲတို့တွင် GSM/CDMA တာဝါတိုင်လွှင့်စက်တပ်ဆင် ဆောင်ရွက်ပေးခြင်းနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ပြီးစီးနိုင်မည့် အချိန်ကာလတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ **ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးမြို့တွင် CDMA- 450 တယ်လီဖုန်းလိုင်း အင်အား (၇၅၀)တပ်ဆင်ခြင်းလုပ်ငန်းအတွက် စက်မှုအဆောက်အအုံနှင့် တာဝါဖောင်ဒေးရှင်းလုပ်ငန်းများပြီးစီးပြီဖြစ်ပြီး တာဝါတပ်ဆင်ခြင်း၊ Transmission တပ်ဆင်ခြင်း၊ ရေဒီယိုတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလကုန်ခန့်တွင် လင်းခေးမြို့၌ CDMA-450 မိုဘိုင်းတယ်လီဖုန်းများ စတင်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ GSM မိုဘိုင်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ ပထမနှစ် တတိယအဆင့် ၂၀၁၂ ခုနှစ် ဩဂုတ်လကုန်တွင် GSM လိုင်းအင်အား (၃၀၀၀)ဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။**

မောက်မယ်မြို့တွင် CDMA-450 လိုင်းအင်အား(၄၀၀)တပ်ဆင်ခြင်းလုပ်ငန်းအတွက် စက်ပစ္စည်းများ မှာယူထားဆဲဖြစ်ပါကြောင်း၊ စက်မှုအဆောက်အအုံ၊ တာဝါလုပ်ငန်းများဆောင်ရွက်ဆဲဖြစ်ပြီး ၂၀၁၂ ခုနှစ် ဧပြီလကုန်ခန့်တွင် မောက်မယ်မြို့၌ CDMA-450 မိုဘိုင်းတယ်လီဖုန်းများ စတင်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ GSM မိုဘိုင်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ ဒုတိယနှစ် ၂၀၁၃ ခုနှစ် ဩဂုတ်လကုန်တွင် GSM လိုင်းအင်အား (၁၅၀၀)ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မိုးနဲမြို့တွင် CDMA-450 လိုင်းအင်အား(၃၀၀)တပ်ဆင်ခြင်းလုပ်ငန်းအတွက် စက်ပစ္စည်းမှာယူထားဆဲ ဖြစ်ပါကြောင်း၊ စက်မှုအဆောက်အအုံ၊ တာဝါလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ပြီး ၂၀၁၂ ခုနှစ် ဧပြီလကုန်ခန့်တွင် မိုးနဲမြို့၌ CDMA-450 မိုဘိုင်းတယ်လီဖုန်းများ စတင်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ GSM မိုဘိုင်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ ဒုတိယနှစ် ၂၀၁၃ ခုနှစ် ဩဂုတ်လကုန်တွင် GSM လိုင်းအင်အား(၁၅၀၀) ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မိုင်းပန်မြို့တွင် CDMA-450 လိုင်းအင်အား(၁၂၅၀) တပ်ဆင်ခြင်းလုပ်ငန်းအတွက် စက်ပစ္စည်းများပို့ဆောင်ဆဲဖြစ်ပါကြောင်း၊ စက်မှုအဆောက်အအုံ၊ တာဝါလုပ်ငန်းများဆောင်ရွက်ဆဲဖြစ်ပြီး ၂၀၁၂ ခုနှစ် ဧပြီလကုန်ခန့်တွင် မိုင်းပန်မြို့၌ CDMA-450 မိုဘိုင်းတယ်လီဖုန်းများ စတင်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ GSM မိုဘိုင်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ ဒုတိယနှစ် ၂၀၁၃ခုနှစ် ဩဂုတ်လကုန်တွင် GSM လိုင်းအင်အား (၁၅၀၀)ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဟိုမိန်းမြို့တွင် GSM မိုဘိုင်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ ဒုတိယနှစ် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လကုန်တွင် GSM လိုင်းအင်အား(၁၅၀၀)ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၏ **ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် Phone Bill ပေးဆောင်နိုင်သော ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ရုံး(၁)ရုံးဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တွင်တပ်ဆင်ပေးထားသော အော်တိုတယ်လီဖုန်း (၁၈၄၈၃၂)လုံးနှင့် မိုဘိုင်းတယ်လီဖုန်းအလုံး (၂၈၄၀၀၀)တို့၏ လစဉ်ထွက်ရှိသော အခွန်ငွေများအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ငွေစာရင်းဌာန၏ လက်အောက်ခံ ငွေလက်ခံစခန်းခွဲများဖြစ်သော ပန်းဘဲတန်း၊ ဗဟိုစာတိုက်ကြီး၊

စာမျက်နှာ ၅ ကော်လံ ၁ သို့

16-2 (04).pmd 1 2/16/2012, 3:29 AM

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

မေးခွန်း(၁၀)ခုကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆို(၃)ခုတင်သွင်းခြင်း၊ ဥပဒေကြမ်း(၂)ခုကို တင်သွင်းခြင်း၊ ဥပဒေကြမ်း (၁)ခုကို ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း(၁)ခုကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခြင်းတို့ဆောင်ရွက်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမျိုးသားလွှတ်တော် အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်၏ လစဉ်ချီးမြှင့်ငွေကို လွှတ်တော်ကိုယ်စားလှယ်များ၏ ခံစားခွင့်အတိုင်း သတ်မှတ်ပေးရန် ဖြည့်စွက်ချက်ကိုတင်ပြရာ လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဦးဖေမြင့်ပေးပို့လှူဒါန်းသော စာအုပ်(၄၁)အုပ်ကို ဦးဖေမြင့် Corner အဖြစ် အမျိုးသားလွှတ်တော်စာကြည့်တိုက်တွင် တစုတစည်းတည်း ထားရှိဖတ်ရှုခွင့် ပေးထားမည်ဖြစ်ကြောင်းနှင့် အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်းက **“လက်ရှိကာလအထိ ငြိမ်းချမ်းရေးကိစ္စများအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်သွယ်၊ တွေ့ဆုံ၊ ညှိနှိုင်းဆွေးနွေးမှု အခြေအနေများကိုသိရှိလိုသည့် ကိစ္စနှင့် စပ်လျဉ်းသည့်မေးခွန်း”** ကို မေးမြန်းရာ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက **၁၁-၃-၂၀၁၁ ရက် ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်တည်ဆောက်ရေးအတွက် ပထမဆုံးသော အခြေပြု မိန့်ခွန်းတစ်ရပ်ကို မိန့်ကြားခဲ့ရာ၌ တိုင်းရင်းသားအရေးကိစ္စများနှင့်ပတ်သက်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထူးအလေးထားပြီး တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ အစိုးရအနေနှင့် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်း ကြိုဆိုနေမည်ဖြစ်သည်ကို မိန့်ကြားခဲ့ပါကြောင်း။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က ကြေညာချက်အမှတ် (၁/၂၀၁၁) ဖြင့် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး ပူးပေါင်းတည်ဆောက်သွားရန် လက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်ခဲ့ပါကြောင်း၊ ၂၄-၁၁-၂၀၁၁ ရက်တွင် နိုင်ငံတော်သမ္မတက RCSS/SSA, KNPP, CNF, NMSP လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် အဖွဲ့ဝင်(၁၀)ဦးပါ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါကြောင်း။

တိုင်းရင်းသားလက်နက်ကိုင်များနှင့် ထာဝရငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတကြီးက အဆင့်(၃)ဆင့်ပါသော လုပ်ငန်းလမ်းညွှန်ချက်ကို ချမှတ်ပေးခဲ့ရာ ပြည်နယ်အဆင့် ဆောင်ရွက်ရန်၊ ပြည်ထောင်စုအဆင့်ဆောင်ရွက်ရန်နှင့် ပြည်ထောင်စုလွှတ်တော်ရှေ့မှောက်တွင် တိုင်းရင်းသားအားလုံး ဆွေးနွေးညှိနှိုင်းပြီး ထာဝရငြိမ်းချမ်းရေး သဘာတူညီချက် လက်မှတ်ရေးထိုးရန်တို့ ဖြစ်ပါကြောင်း။

KNU ကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် (၄)ကြိမ်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုအဆင့်မူအားဖြင့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ RCSS/SSA ရှမ်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် (၃)ကြိမ်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုအဆင့် သဘောတူညီချက်ကို လက်မှတ် ရေးထိုးနိုင်ခဲ့ပါကြောင်း၊ CNF ချင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှင့် (၂)ကြိမ်ဆွေးနွေးခဲ့ပြီး ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ NMSP မွန်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှင့် (၂)ကြိမ်ဆွေးနွေးခဲ့ပြီး ပြည်နယ်အဆင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ KNPP ကယားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် (၂)ကြိမ်ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ PNLO ပအိုဝ်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် (၂)ကြိမ်ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ UNFC တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၁)ဖွဲ့ပါရှိသည့်အနက် အဖွဲ့ငယ်များဖြစ်သည့် NUPA အမျိုးသားညီညွတ်ရေး (ရခိုင်ပြည်)၊ LDU လားဟူဒီမိုကရက်တစ် အစည်းအရုံးအဖွဲ့ (၂)ဖွဲ့နှင့်လည်း အဆက်အသွယ်ရရှိပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းက နိုင်ငံတော်သမ္မတက ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန်အတွက် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းကို အဖွဲ့ခေါင်းဆောင်နှင့် မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်ကို ဒုတိယအဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ကာ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါကြောင်း။

တိုင်းပြည်၏ လိုအပ်ချက်အရ အစိုးရ၊ ပြည်သူနှင့် လက်နက်ကိုင်တိုင်းရင်းသားများအားလုံးက ငြိမ်းချမ်းရေးတည်ဆောက်ရန်ဆန္ဒရှိကြောင်း လေ့လာတွေ့ရှိရသဖြင့် နိုင်ငံတော်သမ္မတက ၁၈-၈-၂၀၁၁ ရက်တွင် လက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပါကြောင်း၊ ထိုနောက်ပိုင်းတွင် “ဝ”အထူးဒေသ(၂) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် (၃)ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ အလားတူ အထူးဒေသ(၄)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့်လည်း (၃)ကြိမ်တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

ထို့အတူ ကလို့ထူးဘောတပ်ဖွဲ့ (ယခင် DKBA)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် (၂)ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ KIO, KIA အဖွဲ့၊ SSPP, SSA အဖွဲ့တို့နှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်ပြီးဆုံးသည့်အခါ ပြည်ထောင်စုလွှတ်တော်နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်တွင် အဆုံးသတ်သမိုင်းဝင်ငြိမ်းချမ်းရေး စာချုပ်ပွဲကြီးကို လက်နက်ကိုင်အဖွဲ့အစည်းများ၊ အခြားတိုင်းရင်းသားခေါင်းဆောင်များနှင့် အခြားပါသင့်ပါထိုက်သော ပုဂ္ဂိုလ်များပါဝင်ပြီး ချုပ်ဆိုနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးတို့က လယ်ယာကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီးက **“ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပြီး ပျက်စီးသွားသည့် ပျိုးခင်းများ၊ စိုက်ခင်းများ၊ ကြဲခင်းများအတွက် လိုအပ်သည့်စပါးမျိုးများ ကြိုတင်စုဆောင်း၍ ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိ”** မေးမြန်းရာ **ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များသည် နှစ်စဉ်ဖြစ်လေ့ ဖြစ်ထရှိသဖြင့် “ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် အကျိုးရှိသည်” ဟူသော ဆိုရိုးစကားရှိသည့်အတိုင်း ဖြစ်ပေါ်လာနိုင်သည့် ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်များအတွက်**

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

တာမွေ၊သဃ်န်းကျွန်း၊ အလုံ၊ လှိုင်၊ မရမ်းကုန်း၊ အင်းစိန်၊ ကြည့်မြင်တိုင်၊ ပုဇွန်တောင်၊ သုဝဏ္ဏနှင့် ဘုရင့်နောင်ငွေလက်ခံစခန်းခွဲများတွင် သုံးစွဲသူများ၏ဆန္ဒအရ ငွေပေးသွင်းခြင်းအား လက်ခံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် တယ်လီဖုန်းအခွန်ငွေများအား ပြည်သူများလွယ်ကူအဆင်ပြေစွာ ပေးချေနိုင်ရေးအတွက် ပုဂ္ဂလိကအော်တိုတယ်လီဖုန်းများနှင့် မိုဘိုင်းဖုန်းများ၏အခွန်ငွေများအား Yatanarpon Web Portal ရှိ Online Billing Payment System ကို အသုံးပြု၍ မြန်မာ့စီးပွားရေးဘဏ်နှင့် အာရှစိမ်းလန်းဖွံ့ဖြိုးမှုဘဏ်များမှတစ်ဆင့် ငွေလက်ခံသည့်စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် အော်တိုတယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းများအား ကြိုတင်ငွေပေးစနစ်(Prepaid System)အဖြစ် ပြောင်းလဲဆောင်ရွက်ရန် စတင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ရာ တယ်လီဖုန်းသုံးစွဲသူများအနေဖြင့် မိမိနေထိုင်ရာမြို့နယ်နှင့် အနီးစပ်ဆုံး ငွေဖြည့်ကတ်များ ရောင်းချရာဌာနများတွင် လွယ်ကူစွာဝယ်ယူနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း၏ **မက်မန်းမြို့နယ်၌ GSM သို့မဟုတ် CDMA တာဝါတိုင်ထုတ်လွှင့်ခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ GSM မိုဘိုင်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ လာမည့်နှစ်တွင် GSM လိုင်းအင်အား(၁၅၀၀)ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ်၏ **ခေါင်လန်ဖူးမြို့တွင် မရှိမဖြစ်လိုအပ်နေသော CDMA/GSM ဖုန်းတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့တွင် CDMA-450 တပ်ဆင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိရာ ရေဒီယို၊ တာဝါ၊ အင်ဂျင်စသည့် စက်ပစ္စည်းများ မြစ်ကြီးနားမြို့သို့ ရောက်ရှိပြီးဖြစ်ပါကြောင်း၊ မြစ်ကြီးနား-ပူတာအိုမှတစ်ဆင့် ခေါင်လန်ဖူးသို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေနေရာရရှိရေး၊ စက်မှုအဆောက်အအုံဆောက်လုပ်ခြင်းနှင့် တာဝါဖောင်ဒေးရှင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ် ဧပြီလကုန်ခန့်တွင် CDMA-450 မိုဘိုင်းတယ်လီဖုန်းများ စတင်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့ပြင် ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း၏ **တရားရုံးများတွင် ဥပဒေအရ သိမ်းဆည်းထားသော ယာဉ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများက ဖွဲ့စည်းပေးသည့် လေလံတင်ရောင်းချရေးအဖွဲ့က သက်ဆိုင်ရာမြို့နယ်များတွင် လေလံတင်ရောင်းချရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က **ဥပဒေအရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များမှာ ဥပဒေလုပ်ထုံးလုပ်နည်းများအရ အမှုပြီးပြတ်ရန်အတွက် အနည်းဆုံး(၆)လမှ အများဆုံး (၃) နှစ်အထိ အမှုအမျိုးအစားအပေါ်မူတည်၍ အချိန်ကြာမြင့်နိုင်ပါကြောင်း၊ ယခင်က ဖော်ပြပါ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ တရားရုံးသို့ သွားရောက်လက်ခံရယူရာတွင် ယာဉ်စုစုပေါင်း၏ (၅)ရာခိုင်နှုန်းမှ (၁၀)ရာခိုင်နှုန်းအထိသာ ပြုပြင်သုံးစွဲနိုင်သည့်အတွက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ သယ်ယူနိုင်ခဲ့ပြီး ကျန်ယာဉ်များမှာ အဓိကကျသည့် စက်ပစ္စည်းအစိတ်အပိုင်းများ မစုံလင်ခြင်း၊ နှစ်လွန်ယာဉ်များဖြစ်ခြင်း၊ ယာဉ်ကိုယ်ထည် ဆွေးမြည့်ဟောင်းနွမ်းနေခြင်းများကြောင့် သယ်ယူ၍မရသဖြင့် သက်ဆိုင်ရာတရားရုံးများတွင် ပစ္စည်းအပ်နှံပြေစာဖြင့် ယာယီပြန်လည်အပ်နှံခဲ့ရပါကြောင်း။**

ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ယခင်အစိုးရကာလက အစိုးရအဖွဲ့အစည်းအဝေးသို့တင်ပြပြီး ခွင့်ပြုချက်အရ နိုင်ငံပိုင်စာရင်းရေးသွင်း၍ ပြုပြင်သုံးစွဲနိုင်သောအဆင့်ရှိသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးတွင် အသုံးပြုရန်အတွက် ခွဲဝေထုတ်ပေးခြင်း၊ ပြုပြင်သုံးစွဲရန်မသင့်သည့်လေလံအဆင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို လေလံတင်ရောင်းချခြင်းများပြုလုပ်ခဲ့ပါကြောင်း။

ထိုသို့ လေလံတင်ရောင်းချခဲ့သည့်အတွက် နိုင်ငံတော်အနေဖြင့် ဝင်ငွေများပြားစွာရရှိခဲ့သော်လည်း လေလံအောင်မြင်သည့် တချို့သောပုဂ္ဂိုလ်များက လေလံအောင်မြင်သည့်ယာဉ်ကို ပြုပြင်မွမ်းမံသုံးစွဲရမည့်အစား မော်တော်ယာဉ်များကို နိုင်ငံပြင်ပမှ တရားမဝင်နည်းလမ်းမျိုးစုံဖြင့်တင်သွင်း၍ လေလံအောင်မြင်သည့် ယာဉ်သဏ္ဌာန်ဖန်တီးခဲ့သည့်အတွက် မလိုလားအပ်သည့် တရားမဝင်လိုင်စင်မဲ့ယာဉ်များ ပြန့်ပွားလာခဲ့ပါကြောင်း။

လက်ရှိအစိုးရလက်ထက်တွင် ယခုအထိ လေလံတင်ရောင်းချခြင်းမပြုဘဲ ဥပဒေအရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် ယာဉ်များအနက်ပြုပြင်သုံးစွဲနိုင်သည့် အဆင့်ရှိယာဉ်များကို ဌာနများနှင့် အဖွဲ့အစည်းများသို့ ခွဲဝေထုတ်ပေးပြီး ကျန်ပြုပြင်မရသည့်ယာဉ်များကို သံရည်ကျိုဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဦးတင်ဝင်း၏ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်အစီအစဉ်မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်၏အတည်ပြုချက်ရယူခြင်းကဏ္ဍ၌ ပြည်သူ့ငွေစာရင်းကော်မတီဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ထပ်မံဖြည့်စွက်တာဝန်ပေးအပ်ခြင်း၊ ကော်မတီ/ကော်မရှင်၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကော်မရှင်၏ရပိုင်ခွင့်၊ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ချက်တင်ပြခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့ငွေစာရင်းကော်မတီဝင် ကြို့ပင်ကောက် မဲဆန္ဒနယ်မှ ဦးသန့်ဇင် **အစား** တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ကိုကိုအား ပြောင်းလဲတာဝန်ပေးအပ်ပြီး ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်အဖြစ် တရားလွှတ်တော်ရှေ့နေ ဦးမြသိန်းအား ထပ်မံဖြည့်စွက်တာဝန်ပေးအပ်ကြောင်း၊ “ကော်မတီ/ကော်မရှင်သည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်ဟု သတ်မှတ်အတည်ပြုချက်” **အစား** “ကော်မတီ/ကော်မရှင်သည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို နားလည်သည်ဟုယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်”ဟု ဖြည့်စွက်သတ်မှတ်ကြောင်းနှင့်ကော်မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများနှင့်စပ်လျဉ်း၍ လစာချီးမြှင့်ငွေကို တာဝန်ပေးအပ်သည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ခံစားခွင့်အတိုင်း သတ်မှတ်အတည်ပြုခဲ့ကြောင်း သိရှိရသည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဆင့်မြင့်ပညာရေးကဏ္ဍ၏ တက္ကသိုလ်များအား သီးခြားလွတ်လပ်သည့် ကိုယ်ပိုင်စီမံခန့်ခွဲမှု (Autonomony) ရှိသော အစိုးရတစ်ပိုင်းအဖွဲ့အစည်း(Agency)များအဖြစ် ပြောင်းလဲဖွဲ့စည်းနိုင်မည့် ဥပဒေ(Statute Law)ပြဋ္ဌာန်းပေးရန် ဤလွှတ်တော်က တိုက်တွန်းကြောင်း**အဆို၊ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက **အမျိုးသားတက္ကသိုလ် (National University)ဥပဒေပြဋ္ဌာန်းတည်ထောင်ဖွင့်လှစ်ရန်** အဆိုတို့ကို တင်သွင်းကြသည်။

ဒေါ်တင်နွယ်ဦး၏အဆိုနှင့်စပ်လျဉ်း၍ ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းက သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားရယူဆောင်ရွက်သင့်ပါကြောင်းဖြင့် တင်ပြရာ ပညာရေးဝန်ကြီးဌာန ဒေါက်တာမြအေးက အဆိုရှင်တင်သွင်းသည့် Statute Law ပြဋ္ဌာန်းရန် အချိန်စောလွန်းသေးပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင်က လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်းတင်ပြရာ ကန့်ကွက်မဲများသည့်အတွက် အဆိုအတည်မဖြစ်ကြောင်းနှင့် အဆိုတင်သွင်းခြင်းနှင့်ပတ်သက်၍ လွှတ်တော်တွင်မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

သူရဦးအောင်ကို၏ အဆိုနှင့်စပ်လျဉ်း၍ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်းတင်သွင်းကြရန် ဖြစ်ကြောင်းသိရသည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ **အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကြမ်း** ကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က လွှတ်တော်သို့တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ကော်မတီဝင် ဦးသောင်းက ဖတ်ကြားရှင်းလင်းသည်။

အလားတူ **နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ တောင်သာမဲဆန္ဒ နယ်မှ ဦးအောင်သောင်းက လွှတ်တော်သို့တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ကော်မတီဝင် ဦးဘရှိန်က ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲတို့ကို ဖော်ပြ၍ ဖေဖော်ဝါရီ ၁၈ ရက်နောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်းသိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင်ရပ်နားပြီး အစည်းအဝေး ပဉ္စမနေ့ကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

စာမျက်နှာ ၅ မှ

ကြိုတင်မြော်တွေးပြီး ဒေသနှင့်ကိုက်ညီသော မျိုးများကို ကိုယ့်မျိုးကိုယ်ထားစနစ်ဖြင့် စုဆောင်းထားရှိရန်၊ ရေကျလွယ်ကူသော ကုန်းပိုင်းကျလယ်မြေနေရာများတွင် အရန်ပျိုးခင်းနေရာများ ကြိုတင်ရွေးချယ်သတ်မှတ်ပြီး အရန်မျိုးပျိုးများ ပျိုးထောင်ထားရှိရန်၊ ရေလွှမ်းခြင်းမရှိသည့်စိုက်ခင်းများမှ သက်တမ်းတူပြီး သားတက်ပွားနိုင်သော အဆင့်ရှိ (၃၀-၄၀)ရက်သားထက် မကျော်လွန်သေးသော ကောက်ပင်များမှ သားတက်များကို ချက်ချင်းသားခွဲပြီး ချက်ချင်းစိုက်စနစ်ဖြင့်ဆောင်ရွက်ရန် စသည့်နည်းလမ်း(၃)ခု ရှိပါကြောင်း။

ဤကဲ့သို့ကြိုတင်ပြီး မိမိဒေသနှင့်ကိုက်ညီသော အရန်မျိုးများကို တောင်သူတစ်ပိုင်တစ်နိုင် ကြိုတင်စုဆောင်းထားရှိခြင်းအားဖြင့် ရာသီဥတုဖောက်ပြန်သည့်အခါ အခြားဒေသများမှ စပါးမျိုးများ သယ်ဆောင်ရန်မလိုတော့ဘဲ မိမိတို့အစီအစဉ်ဖြင့်ပင် ဆောင်ရွက်ထားခြင်းအားဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးများအသုံးပြုနိုင်ခြင်းနှင့် သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်ခြင်းများ သက်သာသွားမည်ဖြစ်ပါကြောင်း၊ အရန်မျိုးစပါးများကို စနစ်တကျသိုလှောင်ထားရှိခြင်းအားဖြင့် အပင်ပေါက်နှုန်းကောင်းမွန်ပြီး အချိန်မီ ပြန်လည်ပျိုးထောင်စိုက်ပျိုးနိုင်မည် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်များမှ စိုက်ပျိုးရေးဝန်ကြီးများအနေဖြင့်လည်း မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထူးခြားသည့်ရာသီဥတုကို ကြိုတင်တွက်ဆဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင်၏ **"သာစည်မြို့နယ်ရှိ ညောင်ရမ်း-မင်းလှကန်၏ အမှတ်(၆) (မြောက်)ရေပေးမြောင်းအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သာစည်မြို့နယ်ရှိ ညောင်ရမ်း-မင်းလှကန်၏ မူလဆည်ရေသောက်ဧရိယာဧကမှာ (၂၇၂၀၅) ဧက ဖြစ်ပါကြောင်း၊ အဆိုပါရေသောက်ဧကများကို ရေပေးမြောင်း (၇)မြောင်းဖြင့် စိုက်ပျိုးရေပေးဝေလျက်ရှိရာ ရေဝင်ကောင်းသောနှစ်များတွင် မိုးစပါးစိုက်ဧကများကို ရေလုံလောက်စွာ ပေးဝေနိုင်ခဲ့ပါကြောင်း။

မေးခွန်းပါ အမှတ်-၆ (မြောက်) မြောင်း၏အလျားမှာ (၁၁၂၅)ပေ၊ အောက်ခြေအကျယ် (၅)ပေဖြစ်ပြီး အဆိုပါမြောင်းမှ မိုးစပါးစိုက်ဧက ပြည့်အောင်စိုက်ပျိုးနိုင်ခဲ့ပြီး ကန်တွင်းရေဝင်ရောက်မှုနည်းသော နှစ်များတွင်သာ မြောင်းဖျားရေသောက်ဧကများကို ရေပေးဝေမှုအခက်အခဲ အနည်းငယ်သာရှိခဲ့ပါကြောင်း။

အဆိုပါ မြောင်းကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စက်ယန္တရားများဖြင့် မြောင်းပုံစံကျ ပြုပြင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် မိုးရွာသွန်းမှုကြောင့် မြောင်းအဖျားပိုင်း၏ ပေတိုင် ပေ(၉၀၀၀)တွင် အရှည် ပေ(၅၀)ခန့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သော်လည်း ဆည်မြောင်းဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်ပြီး စပါးစိုက်ဧကအားလုံးကို အောင်ရေပေးဝေနိုင်ခဲ့ပါကြောင်း၊ ရေကြီးမှုကြောင့် ပျက်စီးမှုဖြစ်ပွားသည့်နေရာအပါအဝင် ရေပေးမြောင်းတစ်လျှောက်မြောင်းပုံစံကျ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် လုပ်ငန်းအားလုံး ပြီးစီးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **"မျိုးစပ်ဆန် (Hybrid Rice) များ ထုတ်လုပ်မှုတွင် မျိုးစေ့ (Hybrid Seed) ရရှိရေးအတွက် လယ်သမားများအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ စပ်မျိုးစပါးပညာရှင်များနှင့်ပူးပေါင်း၍ စပ်မျိုးစပါး (၄)မျိုးကို စမ်းသပ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပါကြောင်း၊ ယခုနှစ်မိုးရာသီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စပ်မျိုးစပါးပညာရှင်များနှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၊ ရွှေတောင်ခြံနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့တွင် စပ်မျိုးစပါးမျိုးစေ့ ဧက(၂၀၀)နှင့် ရန်ကုန်တိုင်းဒေသကြီး၌ ပုဂ္ဂလိကကုမ္ပဏီများက စပ်မျိုးစပါးဧက (၅၅၀)အား စပ်မျိုးစပါး စမ်းသပ်မျိုးစေ့ထုတ်လုပ်လျက်ရှိကြောင်း။

အဓိကအရေးကြီးဆုံးဖြစ်သည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (Good Agriculture Practice -GAP) ကို လိုက်နာကျင့်သုံးရန် တောင်သူလယ်သမားများအား လက်တွေ့ပညာပေးဆောင်ရွက်လျက်ရှိသည့်အပြင် မျိုးစပါးတစ်ဧကအထွက်နှုန်း (၂၀)မှ (၃၀)အထိ ပိုမိုထွက်ရှိအောင် တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် ၁၉၇၄ ခုနှစ်ကတည်းက စပ်မျိုးစပါးထုတ်လုပ်မှုနည်းပညာကိုစတင်ခဲ့ပြီး တစ်နိုင်ငံလုံး စပါးစိုက်ဧက၏ (၆၀) ရာခိုင်နှုန်းကျော်ကို စပ်မျိုးစပါးဖြင့် စိုက်ပျိုးခဲ့ပြီး စားနပ်ရိက္ခာဖူလုံခဲ့ပါကြောင်း၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၏ တီထွင်မှုများကြောင့် နည်းပညာအတွေ့အကြုံများ ပိုမိုတိုးတက်ရရှိလာပြီး ဆန်၏ စားသုံးမှုအရည်အသွေးကောင်းမွန်၍ ဈေးကွက်ရရှိခဲ့ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (International Rice Research Institute -IRRI) မှ စိုက်ပျိုးရေးပညာရှင်များ၏ တီထွင်ကြိုးပမ်းမှုများကြောင့် စပ်မျိုးစပါးသည် လက်ရှိစပါးမျိုးများထက် အထွက်နှုန်းပိုမိုရရှိပြီး ဆန်အရည်အသွေးကောင်းသဖြင့် တောင်သူများဝင်ငွေပိုမိုရရှိ၍ တွက်ခြေကိုက်သောကြောင့် အိန္ဒိယနိုင်ငံအပါအဝင် ဆန်တင်ပို့သည့် နိုင်ငံများတွင် စပ်မျိုးစပါးကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားကုမ္ပဏီလုပ်ငန်းရှင်ကြီးများက စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို တိုးမြှင့်ရင်းနှီးပြီး လေ့ကျင့်ထားပြီးဖြစ်သော ကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ကာ ဒေသအလိုက်စပ်မျိုးစပါးမျိုးစေ့များထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအတွက် ဝင်ငွေ(၂)ဆတိုးတက်စေမည့် ခေတ်မီစပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းများကို လက်တွေ့ ကွင်းဆင်းကြည့်ရှုလိုပါက လွှတ်တော်ကိုယ်စားလှယ်ကြီးများအား ဖိတ်ကြားပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသက်လင်းက **"မအူပင် ညောင်တုန်းမြို့နယ်များမှ တောင်သူလယ်သမားများ လယ်ယာလုပ်ပိုင်ခွင့် အခွင့်အလမ်းများ အပြည့်အဝရရှိရေး"** နှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေကြမ်း ရေးဆွဲရေးကော်မရှင်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၉-၁၀-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၁)ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၁၄)ဦးပါဝင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃ (က)၊ ပုဒ်မ ၂၉၊ ပုဒ်မ ၂၄၈ (က)နှင့် ပုဒ်မ ၂၄၉ တို့တွင် နိုင်ငံတော်၏ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ မြေယာအခြေခံမှု၊ တောင်သူလယ်သမားများ၏ အခွင့်အရေး၊ လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ကူးပြောင်းရေးနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့်စပ်လျဉ်းပြီး တိကျစွာပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

မြေပြင်အခြေအနေမှန်ကိုသိရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ကလည်း ဒေသခံတောင်သူလယ်သမားများ၏ လယ်ယာမြေလုပ်ကိုင်ခွင့် အခွင့်အလမ်းများရရှိရေးအတွက် ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ညောင်တုန်းနှင့် မအူပင်မြို့နယ်များတွင် ကုမ္ပဏီလုပ်ငန်းရှင် (၁၄)ဦးတို့က မြေဧရိယာ (၆၉၅၀၂)ဧက ရယူထားပြီး မြေယာဖော်ထုတ်ပြီးဧရိယာ (၆၁၁၅၇)ဧကဖြစ်၍ ဖော်ထုတ်ရန်ကျန်ဧရိယာ (၈၃၄၅)ဧကဖြစ်ကြောင်းနှင့် ယင်းသို့ ဖော်ထုတ်ပြီးဧရိယာအနက် စိုက်ပျိုးမွေးမြူအသုံးပြုပြီးဧရိယာ (၃၃၃၅၄)ဧက ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူအသုံးပြုရန် ကျန်ဧရိယာ (၂၇၈၀၃)ဧကဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း ရေကြီးကွင်း၊ ရေနက်ကွင်းများကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်ရန် နိုင်ငံတော်အဆင့်အကြီးအကဲများကိုယ်တိုင် ကုမ္ပဏီလုပ်ငန်းရှင်ကြီးများအား တာဝန်ပေးခိုင်းစေခဲ့ပြီး ကုမ္ပဏီလုပ်ငန်းရှင်ကြီးများကလည်း စီးပွားရေးအရ တွက်ခြေမကိုက်သော်လည်း ကျေးလက်ဒေသအလုပ်အကိုင်ရရှိရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အနစ်နာခံ၍ ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း၊ ထိထိမိမိ လုပ်ဆောင်လာနိုင်ကြခြင်းအားဖြင့် မူလရည်ရွယ်ချက်အတိုင်း ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းရရှိစေလာနိုင်မည်ဖြစ်ပါကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကိုလည်း မကြာခင်ပြဋ္ဌာန်းနိုင်မည်ဖြစ်၍ ပေါ်ပေါက်လာမည့် ယင်းဥပဒေနှင့်အညီ ယင်းကိစ္စရပ်ကို ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏ်စိုးက **"တောင်သူလယ်သမားတို့၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် တစ်ဆက်တစ်စပ်တည်း လယ်ယာမြေများကို တိုးတက်ဖော်ထုတ်၍ စက်မှုလယ်ယာကဏ္ဍကို မြှင့်တင်ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ **သီးနှံအထွက်တိုးမြှင့်ရန်အတွက် စက်မှုလယ်ယာမြေများ ဖော်ထုတ်စိုက်ပျိုးနိုင်ရန် ပညာပေးဆောင်ရွက်လျက်ရှိရာ အထက်မြန်မာပြည် စံနမူနာပြအဖြစ် နေပြည်တော်ကောင်စီနယ်မြေရှိ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ စသည့်မြို့နယ်များနှင့် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံတွင်လည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများအတွက် စံနမူနာပြအဖြစ် ဒဂုံမြို့သစ်အရှေ့ပိုင်းနှင့် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်များရှိ စက်မှုလယ်ယာစိုက်ပျိုးရေးအထူးဇုန်(၁)နှင့် အထူးဇုန် (၂)တို့တွင်လည်းကောင်း ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများပါရှိသော စက်မှုလယ်ယာစနစ်ကျ ဟက်တာကွက်များ၊ ဧကကွက်များဖော်ထုတ်လျက် ဒေသအသီးသီးရှိ တောင်သူများ၊ တာဝန်ရှိသူများအား ဖိတ်ခေါ်လေ့လာစေပြီး ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း။**

နေပြည်တော်ကောင်စီနယ်မြေ စက်မှုလယ်ယာကူးပြောင်းရေးအတွက် AAE ကုမ္ပဏီမှ အမေရိကန်ဒေါ်လာသန်း (၂၀)တန်ဖိုးရှိ စက်ယန္တရားများ ရင်းနှီးမြှုပ်နှံပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကပိုင်းမှ ဒေသအလိုက်ပူးပေါင်းဆောင်ရွက်လာမှုများ ပေါ်ထွန်းလာရန် လိုအပ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် ပညာပေးစက်မှုလယ်ယာ ဧက(၅၀၀)စီ၊ မွန်ပြည်နယ်တွင် ဧက(၂၀၀)၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဧက (၅၀)စီနှင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် (၂၅)ဧကစီ ဖော်ထုတ်သွားနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်နည်းပညာအကူအညီ၊ စက်ယန္တရားအကူအညီများ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် (၃)ဦးတို့က ပြည်ထဲရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြန်လည်ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့်က **"ပေါက်ကွဲလောင်ကျွမ်းစေတတ်သည့် ဗြောက်အိုး၊ ယမ်း၊ မီးရှူးမီးပန်းများ သယ်ဆောင်ဖြန့်ဖြူးနေခြင်းကို ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးရန်"** နှင့်စပ်လျဉ်း၍ ပွဲလမ်းသဘင်များ၊ ပျော်ရွှင်ပွဲများကိုအကြောင်းပြု၍ စီးပွားရေးသမားများက မီးရှူး၊ မီးပန်း၊ ဗြောက်အိုးများကို စီးပွားရေးအရ ပြည်ပမှသယ်ယူသိုလှောင်ရောင်းဝယ်ကြသကဲ့သို့ မြေပေါ်မြေအောက် အဖျက်သမားများကလည်း ယမ်းမှုန့်များ၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ သယ်ဆောင်ဖောက်ခွဲနိုင်သည့်အတွက် ဒေသန္တရအမိန့်များ တရားဝင်ထုတ်ပြန်ကြော်ငြာထားသည့်အပြင် (၁၂)လရာသီ ပျော်ပွဲရွှင်ပွဲများကျင်းပသည့် သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလများ၌လည်း ဗြောက်အိုး၊ ယမ်း၊ မီးရှူး၊ မီးပန်းများ သိုလှောင်ဖြန့်ဖြူးရောင်းချသူများအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို နေ့စဉ်ထုတ်သတင်းစာများနှင့် ရေဒီယို၊ ရုပ်မြင်သံကြားတို့မှတစ်ဆင့် ပွဲတော်ရက်မတိုင်မီ သတိပေးအမိန့်၊ တားမြစ်အမိန့်များ ကြော်ငြာခဲ့ပါကြောင်း။

ထိုသို့ ထုတ်ပြန်သည့် အမိန့်မလိုက်နာသူများအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ ဖြင့် ပြစ်ဒဏ် (၆)လအထိလည်းကောင်း၊ ဥပဒေပုဒ်မ ၂၈၅/၂၈၆ ဖြင့် ပြစ်ဒဏ် (၇)နှစ်အထိလည်းကောင်း၊ ၁၉၀၈ ခုနှစ် ပေါက်ကွဲစေတတ်သော အရာဝတ္ထုပစ္စည်းများအက်ဥပဒေပုဒ်မ ၃ ဖြင့် ပြစ်ဒဏ် (၁၀)နှစ်အထိ လည်းကောင်း အရေးယူဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ၁-၄-၂၀၁၁ ရက်မှ ၃၁-၁၂-၂၀၁၁ ရက်အထိ အမှုပေါင်း (၆၇)မှုမှ တရားခံပေါင်း (၇၄)ဦးကို အရေးယူခဲ့ပြီး ဗြောက်အိုး (၉၃၁၇၂)ခု၊ ယမ်း (၆၇၇)ထုပ်နှင့် မီးရှူးမီးပန်း (၄၃၁၂၄)ခု စုစုပေါင်းတန်ဖိုး ငွေကျပ် (၅၂၆၃၉၅၀) သိမ်းဆည်းရမိခဲ့ပါကြောင်း။

နယ်စပ်ဒေသစစ်ဆေးရေးဂိတ်များတွင် အဖျက်အမှောင့်ပြုလုပ်နိုင်သည့် ဗုံး၊ ပေါက်ကွဲပစ္စည်း အပါအဝင် ဗြောက်အိုး၊ ယမ်းမှုန့်၊ မီးရှူး၊ မီးပန်း၊ မီးဒုံးများ တရားမဝင်သယ်ဆောင်လာသူများကို စနစ်တကျရှာဖွေဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တာဝန်သိပြည်သူများကလည်း သတင်းပေးပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်ဝင်းက **"လုပ်ပိုင်ခွင့်ရှိ ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူမှုနှင့် မလျော်ဩဇာကျင့်သုံးမှုများ ဆက်လက်ပြုကျင့်နေဆဲ ရှိနေပါသဖြင့် ထိုအပြုအမူများ ပျောက်ကွယ်သွားရန်ဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ **ဌာနဆိုင်ရာဝန်ထမ်းများအနေနှင့် အကျင့်ဖောက်လွဲဖောက်ပြန်ပြုမှု၊ မသမာမှုနှင့် အဂတိလိုက်စားမှုများ ကင်းစင်ပပျောက်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး ကျူးလွန်သည့်ဝန်ထမ်းများကို ပြစ်မှုအရလည်းကောင်း၊ ဌာနဆိုင်ရာအရ လည်းကောင်း ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများ အကျင့်ဖောက်လွဲဖောက်ပြန်ပြုမှုနှင့် အဂတိလိုက်စားမှုများ ကျူးလွန်ပေါ်ပေါက်ပါက တိုင်ကြားဆက်သွယ်နိုင်ရန် ဝန်ကြီးဌာနအလိုက် အများပြည်သူများသိရှိနိုင်အောင် တယ်လီဖုန်းလမ်းညွှန်များနှင့်အတူ ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါကြောင်း။**

၁၈၆၁ ခုနှစ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ အခန်း(၉)၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၆၁၊ ပုဒ်မ ၁၆၂၊ ပုဒ်မ ၁၆၃၊ ပုဒ်မ ၁၆၄၊ ပုဒ်မ ၁၆၅ နှင့် ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေပုဒ်မ ၃ တို့တွင် အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ ပြစ်မှုပြစ်ဒဏ်များကို ဖော်ပြထားရှိပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၃/၂၀၀၇)ဖြင့် အဂတိလိုက်စားမှုများအပါအဝင် ပြစ်မှု (၁၀)မျိုးအား ၂၀၀၂ ခုနှစ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၀)အရ လုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီး အဂတိလိုက်စားမှုပါ ပြစ်မှုများအား တရားမဝင်သော ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့်ပြစ်မှုများအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေနှင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှစတင်၍ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (The United Nations Convention Against Corruption) ကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အုပ်ချုပ်ရေးကဏ္ဍတွင်လည်း ဝန်ကြီးဌာနများအလိုက်၊ အရေးယူရမည့်ကိစ္စရပ်များအလိုက် စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ အဂတိလိုက်စားမှုကင်းရှင်းရေးအတွက် ဝန်ထမ်းများသက်သာချောင်ချိရေးကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူများကလည်း တည်ဆဲဥပဒေများအပေါ် တိတိကျကျလိုက်နာပြီး လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြအုန်းက **"ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ကို မူးယစ်ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ မူးယစ်ဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ စီမံချက်ရေးဆွဲပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှုလျော့နည်းပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြစ်ကြီးနားမူးယစ် (အထူး)အဖွဲ့၊ ဗန်းမော်မူးယစ် (အထူး) အဖွဲ့တို့နှင့် ဆောင်ရွက်လျက်ရှိပြီး ဖားကန့်မြို့နယ်တွင် ဆိပ်မူမူးယစ်လှုပ်ရှားအဖွဲ့၊ မော်ဝမ်းမူးယစ်လှုပ်ရှားအဖွဲ့နှင့် တာမခံမူးယစ်လှုပ်ရှားအဖွဲ့ ဖွဲ့စည်းထားပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲသူများကို INGO အဖွဲ့များက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဟောပြောမှုများ၊ ကုသမှုများကို တနိုင်းမြို့နှင့် ဖားကန့်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်းဘဝပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ပေးခြင်းတို့ကို ပြည်တွင်းအစိုးရမဟုတ်သော NGO အဖွဲ့များ၊ နိုင်ငံတကာအစိုးရမဟုတ်သော INGO အဖွဲ့များနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ UNODC တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ ကျောက်စိမ်းမှော်နှင့် ရွှေမှော်တို့တွင် အလုပ်အကိုင်ပေါများခြင်း၊ ငွေရလွယ်ကူခြင်းတို့ကြောင့် လူဦးရေထူထပ်ပြီး မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှုများလည်း တိုးပွားလာလေ့ရှိပါကြောင်း၊ သို့ဖြစ်၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖားကန့်မြို့နယ်တွင် ၂၀၁၁ ခုနှစ်အတွင်း ဘိန်းဖြူ၊ ဘိန်းစိမ်း၊ ဘိန်းဆီခဲ၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အဝတ်ဘိန်းဖမ်းဆီးရမိမှု စုစုပေါင်း (၂၃၈)မှုရှိခဲ့ပြီး (ကျား)တရားခံ (၂၇၅)ဦး၊ (မ)တရားခံ (၄၈)ဦးတို့ကို မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါကြောင်း။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကိုထိုက်သင့်သည့် ဆုငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်ခြင်း၊ ဝန်ထမ်းများကို ရာထူးအဆင့်တိုးပေးခြင်းတို့ ချီးမြှင့်လျက်ရှိသကဲ့သို့ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အကျင့်ပျက်ဝန်ထမ်းများကိုလည်း ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရန်အတွက် လူတစ်ဦးတစ်ယောက်၊ လူမျိုးတစ်မျိုး၊ အဖွဲ့အစည်းတစ်ခုနှင့် နိုင်ငံတစ်နိုင်ငံတည်း ဆောင်ရွက်ရုံနှင့် စွမ်းအားပြည့်အောင်မြင်နိုင်မည်မဟုတ်ဘဲ နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်၍ နိုင်ငံတကာနှင့်လက်တွဲဆောင်ရွက်မှသာ မူးယစ်ဆေးဝါးကင်းစင်သည့်နယ်မြေ (Drug Free Zone) များဖြစ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာ မူးယစ်ဆေးဝါးကင်းစင်ရေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း၏ **"ရှေးဟောင်းပစ္စည်းများအတွက် ပြန်လည်ပြင်ဆင်ထိန်းသိမ်းစရိတ် အလုံအလောက်ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် **"ညောင်ရွှေစော်ဘွားအဆက်ဆက်တို့၏ နန်းတွင်းသုံးပစ္စည်းများကို ပြန်လည်ပြသခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ရှေးဟောင်းပစ္စည်းများအတွက် ပြန်လည်ပြင်ဆင်ထိန်းသိမ်းစရိတ် အလုံအလောက်ချထားပေးနိုင်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ယဉ်ကျေးမှုပြတိုက်များ၊ ရှေးဟောင်းသုတေသနပြတိုက်များ ဖွင့်လှစ်ပြသထားပြီး ၎င်းပြတိုက်အသီးသီးတွင် ထိန်းသိမ်းပြသထားသည့် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ ပြုပြင်မွမ်းမံ ထိန်းသိမ်းရန်အတွက် နှစ်စဉ်ရန်ပုံငွေများ တောင်းခံဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေးဟောင်းပစ္စည်းများ၏ အရေးကြီးမှု၊ ရှားပါးမှုနှင့်လက်ရာတန်ဖိုးရှိမှု၊ ပျက်စီးမှုအခြေအနေနှင့် အရေးပေါ်ပြုပြင်ရန်လိုအပ်မှုအနေအထားတို့ကို အခြေခံ၍ ရန်ပုံငွေခွဲဝေချထား ပြင်ဆင်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ ပန်းချီကား၊ ပန်းပုလက်ရာကဲ့သို့သော ကျွမ်းကျင်ပညာရှင်ဖြင့် ဆောင်ရွက်မှ ဖြစ်မည့်ပစ္စည်းများအတွက်လည်း ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်မွမ်းမံထိန်းသိမ်းရေးများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ညောင်ရွှေပြတိုက်ရှိ ရှေးဟောင်းပစ္စည်း၊ ပရိဘောဂပစ္စည်းများအနက် မှန်စီရွှေချအသုံးအဆောင်များမှ မှန်အချို့ကွာကျခြင်း၊ ပန်းပုလက်ရာ ကနုတ်ပန်းများ၏ အချို့အစိတ်အပိုင်းများယိုယွင်းခြင်း စသည်တို့ကို ပြန်လည်မွမ်းမံရန်အတွက် မန္တလေးမှလက်မှုပညာသည်များ စေလွှတ်ပြင်ဆင်လျက်ရှိပြီး ပန်းချီကားများ သန့်စင်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်း ကျွမ်းကျင်ပညာရှင် စေလွှတ်ပြုပြင်လျက်ရှိပါကြောင်း၊ ညောင်ရွှေပြတိုက်ရှိ ရှေးဟောင်းပစ္စည်းများ ပြန်လည်မွမ်းမံရာတွင် ကုန်ကျမည့်ထိန်းသိမ်းစရိတ်ကို ယခုနှစ် ဘဏ္ဍာငွေတွင် ခွင့်ပြုပေးထားပြီးဖြစ်ပါကြောင်း။

ညောင်ရွှေစော်ဘွားအဆက်ဆက်တို့၏ နန်းတွင်းသုံးပစ္စည်းများကို ပြန်လည်ပြသခွင့်ပြုပေးမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ယခု ဗုဒ္ဓပြတိုက်အဖြစ် ဖွင့်လှစ်ထားသော ညောင်ရွှေဟော်နန်းအဆောက်အအုံအား ၁၉၆၄ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရလက်ထက်မှ ၁၉၉၉ ခုနှစ်အထိ ညောင်ရွှေဟော်နန်း ရှေးဟောင်းသမိုင်းပြတိုက်အဖြစ်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိ စော်ဘွားကြီးများပြတိုက်အဖြစ်လည်းကောင်း ဖွင့်လှစ်ပြီး ရှမ်းစော်ဘွားများ၏ ဝတ်စုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂများ၊ ပန်းချီကားများ၊ မှတ်တမ်းမှတ်ရာဓာတ်ပုံများကို ပြသခဲ့ပါကြောင်း၊ ၂၀၀၅ ခုနှစ် မတ် ၃ ရက်မှစ၍ ညောင်ရွှေယဉ်ကျေးမှုပြတိုက်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ ခုနှစ် ဇူလိုင် ၈ ရက်မှ ယနေ့အချိန်အထိ ဗုဒ္ဓပြတိုက်အဖြစ် ပြောင်းလဲခင်းကျင်းပြသခဲ့ပါကြောင်း၊ ယခုအခါ အင်းလေးဒေသသည် ကမ္ဘာလှည့်ခရီးသွားများ အာရုံစိုက်ရာနေရာတစ်ခု ဖြစ်လာသည်နှင့်အညီ ညောင်ရွှေဒေသ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုကဏ္ဍတို့ကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်စေရန်နှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များရှိ ယဉ်ကျေးမှုပြတိုက်များအမည်နှင့် တစ်ပြေးညီဖြစ်စေရန် "ယဉ်ကျေးမှုပြတိုက်၊ ညောင်ရွှေမြို့"ဟု ပြင်ဆင်ခေါ်ဝေါ်၍ ယခင်ပြသခဲ့သည့် ပစ္စည်းများအားလုံး ခင်းကျင်းပြသသွားရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ပြန်လည်ပြုပြင်သွားမည်ဖြစ်ပြီး၊ ပြီးစီးပါက စော်ဘွားအဆက်ဆက်တို့၏ မှတ်တမ်းမှတ်ရာများ၊ နန်းတွင်းသုံးပစ္စည်းများ အပါအဝင် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ညောင်ရွှေဒေသရှိ တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ဓလေ့ထုံးစံများနှင့် ရိုးရာယဉ်ကျေးမှုပစ္စည်းအမျိုးမျိုးတို့ကိုလည်းကောင်း၊ လက်ရှိပြသထားသော ဗုဒ္ဓပြတိုက်ရှိ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ပစ္စည်းများကိုလည်းကောင်း ကဏ္ဍများခွဲကာ ပြည့်ပြည့်စုံစုံဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းတွင် ပြန်လည်ခင်းကျင်းပြသသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ပြည်သူ့အကျိုးစီးပွား အနာဂတ် ဟိုတယ်နှင့်ခရီးသွား

ကိုလေး(မြောင်းမြ)

ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၀၀၀ ရှိသည့်အနက် ၂၀၁၀ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည်ဦးရေ ၉၃၅ သန်းကျော်သည် ကမ္ဘာတစ်ဝန်းရှိ ဒေသအသီးသီးတွင် ခရီးလှည့်လည်သွားလာခဲ့ကြကြောင်း၊ အဆိုပါ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ရရှိသောဝင်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀၀ ကျော်အထိ ရှိခဲ့ကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (World Tourism Organization) ၏ ထုတ်ပြန်ချက်အရ သိရှိရသည်။ ထို့အပြင် ကမ္ဘာ့ခရီးသွားလုပ်ငန်းသည် စီးပွားရေး အကျပ်အတည်း၊ သဘာဝဘေးဒဏ်၊ ကပ်ရောဂါဆိုး စသည်ဖြင့် ကြုံတွေ့ခဲ့ရသည့် နှစ်များမှလွဲ၍ နှစ်စဉ်နှစ်တိုင်း ဆုတ်ယုတ်ကျဆင်းမှုမရှိဘဲ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရသည်။

ယနေ့ကမ္ဘာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများကိုကြည့်လျှင် အဆိုပါနိုင်ငံများ၏ ခရီးသွားလုပ်ငန်းသည် အထူးအောင်မြင်ဖွံ့ဖြိုးနေသည်ကို တွေ့ရမည်ဖြစ်ပြီး ၎င်းဖွံ့ဖြိုးမှုကပင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အားကောင်းသော ထောက်ကူမှုတစ်ရပ်ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံ၏ စီးပွားရေးကျဆင်းနေချိန်များတွင် စီးပွားရေးအခြေအနေ ပြန်လည်ဦးမော့လာစေရန်အတွက်လည်းကောင်း၊ လူဦးရေအလွန်များပြားသော တိုင်းပြည်များတွင် စီးပွားရေးဖူလုံမှုရှိစေရန်အတွက်လည်းကောင်း၊ ခရီးသွားလုပ်ငန်းကို အထူးအားပေးဆောင်ရွက်ကြကြောင်း တွေ့ရှိရသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ရေရှည်ရှင်သန်သွားစေရေးအတွက် စနစ်တကျ ဆောင်ရွက်ရန်လိုအပ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်တာဝန်ယူပြီးနောက် နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိစေရေးအတွက် မေခရိုစီးပွားရေးမူဝါဒမြှင့်တင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်ပြင်ဆင်နေချိန်တွင် အနာဂတ်ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သောမူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် လိုအပ်လာသည်။

ဟိုတယ်နှင့်ခရီးသွားကဏ္ဍအပါအဝင် မြန်မာနိုင်ငံ၏ မေခရိုစီးပွားရေးတစ်ရပ်လုံး ဟန်ချက်ညီညီ လှုပ်ရှားဆောင်ရွက်သွားပါမှ နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုများကို အချိန်တိုအတွင်း ထိရောက်အောင်မြင်မှု ရရှိနိုင်မည်ဖြစ်သည်။

"ခရီးသွားလုပ်ငန်း"သည် ဝန်ဆောင်မှု (Service) ပေးရသောလုပ်ငန်းတစ်ရပ်ဖြစ်ပြီး အခြားလုပ်ငန်း၊ ဌာနများနှင့် ဆက်စပ်ရောယှက်ကာ ပူးပေါင်းဆောင်ရွက်ရသော လုပ်ငန်းအမျိုးအစားဖြစ်သည်။ ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေဆိုသည်မှာလည်း ဟိုတယ်၊ ပို့ဆောင်ရေး၊ ဧည့်လမ်းညွှန်၊ စားသောက်ဆိုင်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်စသည့် ဆက်စပ်လုပ်ငန်းတို့မှရရှိသော ဝင်ငွေများပင်ဖြစ်သည်။ တစ်ဖန် အဆိုပါ လုပ်ငန်းများမှတစ်ဆင့် ဆက်နွယ်၍ အစားအစာ၊ အသီးအနှံ၊ အဖျော်ယမကာ၊ အမှတ်တရပစ္စည်းထုတ်လုပ်သူများ၊ တည်းခိုနေထိုင်ရန် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ အဆောက်အအုံများ တည်ဆောက်ရေးတွင် ပါဝင်လုပ်ကိုင်ကြရသည့် ဗိသုကာ၊ အင်ဂျင်နီယာ၊ ကျွမ်းကျင်လုပ်သားများ၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းတွင် လုပ်ကိုင်နေကြသည့် လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ် ယာဉ်မောင်းများ၊ စက်ပြင်များ၊ စက်သုံးဆီ ထုတ်လုပ်ရောင်းချခြင်းဆိုင်ရာဝန်ထမ်းများ စသည်ဖြင့် နိုင်ငံအတွင်း ပျံ့နှံ့လုပ်ကိုင်နေကြသော လူထုလူတန်းစား၊ အလွှာအသီးသီးအတွင်းသို့ ဝင်ငွေများ ဖြန့်ခွဲ၊ စိမ့်ဝင်၊ စီးဆင်းသွားပြီး ပြည်သူလူထုအား အမြန်ဆုံးနှင့် တိုက်ရိုက်အကျိုးဖြစ်ထွန်းခံစားစေနိုင်သည့် ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းဖြစ်သည်။

ထို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာစေရုံသာမက နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်ဖော်ပြနိုင်ခြင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာခြင်းနှင့် နိုင်ငံအချင်းချင်းအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ဖန်တီးပေးနိုင်ခြင်းများကြောင့် ဆင့်ပွားအကျိုးသက်ရောက်မှု (Multiplier Effect) ကို ရရှိခံစားစေနိုင်မည်ဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်များနှင့်အညီ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို စိစစ်ပြီး လုပ်ကိုင်ခွင့်လိုင်စင်များ ခွင့်ပြုပေးခဲ့ရာ ၃၁-၁၂-၂၀၁၁ နေ့အထိ ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းအမျိုးအစားအလိုက် လိုင်စင်အရေအတွက်အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရသည်-

လုပ်ငန်းအမျိုးအစား	အရေအတွက်	မှတ်ချက်
ခရီးလှည့်လည်ရေးလုပ်ငန်း	၇၅၉	နိုင်ငံခြားကုမ္ပဏီ-၁၊ ဖက်စပ်-၁၅ အပါအဝင်
ဧည့်လမ်းညွှန်လုပ်ငန်း	၃၁၆၀	
ဟိုတယ်လုပ်ငန်းနှင့်တည်းခိုရိပ်သာလုပ်ငန်း	၇၃၁	FDI-၃၂၊JV-၄ အပါအဝင်
ခရီးသွားလာသူများပို့ဆောင်ရေးလုပ်ငန်း	၁၇၈	Hot Air Baloon-၁ အပါအဝင်

မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်ကို မြန်မာ့ခရီးသွားနှစ်အဖြစ် သတ်မှတ်ပြီး ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ မြှင့်တင်ရေးလုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ခဲ့ရာ နှစ်စဉ် နိုင်ငံခြားဝင်ငွေကို တိုးမြှင့်ရရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၁ ပြည့်နှစ်အထိ ၁၂ နှစ်တာကာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ပြည်ပဧည့်သည် အရေအတွက်နှင့် ဝန်ကြီးဌာနမှ ရရှိခဲ့သော နိုင်ငံခြားဝင်ငွေအခြေအနေကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် အောက်ပါအတိုင်း တွေ့ရှိရသည်-

ခုနှစ်	ဧည့်သည်အရေအတွက်	ဝင်ငွေအမေရိကန်ဒေါ်လာ (သန်းပေါင်း)
၂၀၀၀	၄၁၆၃၄၄	၈၄
၂၀၀၁	၄၇၅၁၀၆	၉၀
၂၀၀၂	၄၈၇၄၉၀	၉၉
၂၀၀၃	၅၉၇၀၁၅	၁၁၆
၂၀၀၄	၆၅၆၉၁၀	၁၃၆
၂၀၀၅	၆၆၀၂၀၆	၁၅၃
၂၀၀၆	၆၃၀၀၆၁	၁၆၄
၂၀၀၇	၇၁၆၄၃၄	၁၈၂
၂၀၀၈	၇၃၁၂၃၀	၁၆၅
၂၀၀၉	၇၆၂၅၄၇	၁၉၆
၂၀၁၀	၇၉၁၅၀၅	၂၅၄
၂၀၁၁	၈၁၆၃၆၉	၃၁၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် အောက်ဖော်ပြပါ ဒေသတွင်းအဖွဲ့အစည်းများဖြစ်သည့် အာဆီယံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်း (ASEAN)၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအစီအစဉ် (GMS)၊ ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS)၊ ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု (CLMV)၊ ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း-ဗီယက်နမ် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု (CLMTV)၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (BIMST-EC)၊ အာဆီယံ-ဂျပန်ဗဟိုဌာန (AJC)၊ အာဆီယံ-ကိုရီးယားဗဟိုဌာန (AKC)၊ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းအဖွဲ့(PATA) နှင့် အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက် (AFAS)တို့နှင့် ဆက်စပ်၍လည်း ခရီးသွားလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Gross Domestic Product) တွက်ချက်ရာ၌ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတစ်ခုလုံး၏ ထုတ်လုပ်မှုတန်ဖိုးကို **ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ** အောက်ရှိ (၁) နိုင်ငံပိုင်ကဏ္ဍ၊ (၂) သမဝါယမပိုင်ကဏ္ဍ၊ (၃) ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် ပါဝင်သည့်လုပ်ငန်းများနှင့်အတူ ထည့်သွင်းတွက်ချက်ကြောင်း သိရှိရပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွက် **ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏** GDP တန်ဖိုးမှာ ကျပ်သန်းပေါင်း ၃၆၁၄၉၂ ဒသမ ၉ ဖြစ်ပြီး တစ်မျိုးသားလုံး၏ GDP တွင် ပါဝင်မှုအချိုးရာခိုင်နှုန်းမှာ ၁ ဒသမ ၇ ဖြစ်ပါသည်။ သို့ဖြစ်၍ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးအနေဖြင့် GDP တွင် ပါဝင်မှုအချိုးမှာ ကိန်းပြည့် ၁ ဂဏန်းအောက်တွင်သာ ရှိမည်ဖြစ်ကြောင်း ခန့်မှန်းရရှိပါသည်။

ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ဝင်ရောက်မှု ပိုမိုတိုးတက်စေရန်နှင့် သွားလာလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးတို့ကို အထောက်အကူပြုစေရန် ရည်ရွယ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများကို ညှိနှိုင်းပြင်ဆင် ပြဋ္ဌာန်းပေးရန်ကိစ္စနှင့်ပတ်သက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှဦးဆောင်ပြီး ဝန်ကြီးဌာန ၁၃ ခု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သော နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၁ ဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ပြီးဖြစ်ပါသည်။

လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာမူဝါဒများ (ပြဋ္ဌာန်းချက်များ၊ ဝန်ဆောင်မှုဆိုင်ရာ စံချိန်စံညွှန်းများ၊ ဟိုတယ်အဆင့်အတန်းများ၊ သင်တန်းများ)ကိုလည်း တစ်ပြိုင်တည်း မြှင့်တင်သတ်မှတ်ပေးသွားရန်ကိစ္စနှင့် ပတ်သက်၍ လိုအပ်သည်များကို စိစစ်၊ လေ့လာ၊ ဖွဲ့စည်းတာဝန်ပေးအပ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအတွက် ၁၉၉၀/၉၁ ခုနှစ်နှင့် ၁၉၉၃ ခုနှစ်တို့တွင် ပြဋ္ဌာန်းခဲ့သည့် ပြဋ္ဌာန်းချက်များကို လက်ရှိအသုံးပြုလျက်ရှိသဖြင့် ဆယ်စုနှစ် နှစ်ခုပြီးသည့်ကာလတွင် အဆိုပါ ပြဋ္ဌာန်းချက်များကို ပြောင်းလဲတိုးတက်လာသော အခြေအနေများနှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်လာသည်။ ထို့နည်းတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ပြင်ဆင်ပြဋ္ဌာန်းပေးရန် လိုအပ်နေပြီဖြစ်သည်။

လက်ရှိလုပ်ကိုင်နေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များနှင့် တည်ဆောက်ဆဲနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်စီမံကိန်းများ ရင်ဆိုင်နေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေး၊ ကြန့်ကြာမှုများ မရှိစေရေး၊ ထပ်မံလာရောက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်စီမံကိန်းများအတွက် အခြေအနေကောင်းများ ကြိုတင်ပြင်ဆင်ထားနိုင်ရေးတို့အတွက် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ် မကြန့်ကြာစေရန်လည်းကောင်း၊ ဟိုတယ်စီမံကိန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှတင်သွင်းရာတွင် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များ မကြန့်ကြာစေရန် လည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြေအသုံးချခ (Land Use Premium)၊ မြေငှားရမ်းခ (Land Lease) နှင့် မြေငှားကာလသတ်မှတ်ချက် စသည်များကို ဖြေလျှော့သတ်မှတ်ပေးရန်အတွက် လည်းကောင်း လိုအပ်သည်များကို စိစစ်ပြင်ဆင်သတ်မှတ်ပေးသွားရန် လိုအပ်ပါမည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များ ငွေကြေးသုံးစွဲမှု လွယ်ကူအဆင်ပြေစေရေးအတွက် လိုအပ်သည့်မူဝါဒပိုင်းဆိုင်ရာ ပြင်ဆင်မှုများဆောင်ရွက်ပေးရာတွင် အကြွေးဝယ်ယူခွင့်ကတ် (Credit Card) များ သုံးစွဲနိုင်ရေး၊ တရားဝင်နိုင်ငံခြားငွေများ လဲလှယ်နိုင်ရေးအတွက် (Money Changer) များ ဖွင့်လှစ်ထားရှိရေး၊ တရားဝင်ငွေလဲလှယ်နှုန်းအား လက်ရှိအခြေအနေများနှင့်အညီ ပြင်ဆင်သတ်မှတ်ပေးရေးတို့ကို ဆောင်ရွက်ပေးသွားရန် လိုအပ်ပါမည်။

မြန်မာနိုင်ငံ၏ အနာဂတ်ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များအပိုင်းမှ ပူးပေါင်းပါဝင်၍ တာဝန်ယူဆောင်ရွက်သွားနိုင်မည့် Public-Private Partnership အစီအစဉ်ကို ဖော်ဆောင်သွားရန်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဦးဆောင်ပြီး ပြည်တွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ဆက်စပ်လုပ်ငန်းရှင်များ စုစည်း၊ ညှိနှိုင်း၊ စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ အလွယ်တကူဝင်ရောက်နိုင်ရေး ကန့်သတ်နယ်မြေများ၊ သတ်မှတ်စည်းကမ်းချက်များ၊ ဈေးနှုန်းနှင့် အခွန်အခများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများကို လိုအပ်သလို ဖြေလျှော့ပြင်ဆင်သတ်မှတ်ပေးရန် ဆက်စပ်ဝန်ကြီးဌာနများအချင်းချင်း ညှိနှိုင်းပူးပေါင်းပြီး ပွင့်လင်းမြင်သာစွာ စီစဉ် ဆောင်ရွက်ပေးသွားရန် လိုအပ်ပါမည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့်လည်း မေခရိုစီးပွားရေးမူဝါဒ မြှင့်တင်ရေးအတွက် အထောက်အကူပြုစေရန် မြန်မာနိုင်ငံအတွင်း သိရှိပြီးခရီးစဉ်ဒေသများဖြစ်သည့် ပုဂံ၊ မန္တလေး၊ အင်းလေး၊ ရန်ကုန်စသည်တို့ကို အဆင့်မြှင့်တင်ခြင်း၊ ခရီးစဉ်အသစ်များ ဖော်ထုတ်ခြင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေးဒေသများတွင် ဟိုတယ်ဇုန်အသစ်များ ထပ်မံဖော်ထုတ်ခြင်း အစီအစဉ်များကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိကကျသော နိုင်ငံခြားဝင်ငွေကို ရှာဖွေပေးနိုင်သည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ကောင်းမွန်ပြည့်စုံသော မူဝါဒနှင့် စီမံခန့်ခွဲမှု မရှိလျှင် ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားသော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ ခရီးသွားလုပ်ငန်းကို မြန်မာနိုင်ငံတစ်ဝန်းရှိ ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှအပများ၊ သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များ၊ ဖော်ရွေပျူငှာသော တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများစသည့် အရင်းအမြစ်များကို စနစ်တကျအသုံးချ၍ အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် လူထုလူတန်းစားအလွှာအသီးသီးသို့ ကောင်းမွန်သောအကျိုးသက်ရောက်မှုများကို တိုက်ရိုက်ရရှိခံစားရမည်ဖြစ်သည်။ ထို့မှတစ်ဆင့် ယနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးကိုလည်း ထိရောက်စွာ ပံ့ပိုးပေးသွားနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိရေးအတွက် မေခရိုစီးပွားရေးမူဝါဒ မြှင့်တင်ရေးဆိုင်ရာများကို စနစ်တကျနှင့် ပြီးပြည့်စုံစွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ဆောင်မှုကဏ္ဍတွင်ပါဝင်သည့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် ပါဝင်သည့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင် လုပ်ငန်းဌာနအသီးသီးတို့နှင့် ဟန်ချက်ညီညီ တက်ကြွစွာ ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေနှင့် တာဝန်ယူစီမံခန့်ခွဲဆောင်ရွက်ခဲ့သည့် နှစ်ပေါင်း ၂၀ နီးပါးကာလအတွင်း ရရှိခဲ့သောအတွေ့အကြုံများ၊ ဗဟုသုတများ၊ လေ့လာတွေ့ရှိမှုများအပေါ် အခြေခံ၍ ရှေ့ဆက်လျှောက်လှမ်းရမည့် လမ်းတစ်လျှောက် အောင်မြင်မှုများ ပိုမိုရရှိစေရေးအတွက် ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များကို **"ပြည်သူ့အကျိုးစီးပွား အနာဂတ်ဟိုတယ်နှင့်ခရီးသွား"** အဖြစ် တင်ပြလိုက်ပါသည်။ ။

စာမျက်နှာ ၆ မှ

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအပေါ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုးတို့၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်က ဆုံးဖြတ်သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ဦးဝင်းနောင်က **"နိုင်ငံတော်တစ်ဝန်းတွင် ယာဉ်မတော်တဆဖြစ်မှုများနှင့် ယာဉ်မတော်တဆမှုကြောင့် လူများထိခိုက်ဒဏ်ရာရသေဆုံးရမှုများ အမှန်တကယ်လျော့နည်းကျဆင်းသွားစေရန်အတွက် သင့်တော်သည့်နှစ်ကာလတစ်ခုကို လျာထားသတ်မှတ်၍ မဖြစ်မနေ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်နန်းနီနီအေးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်း ခေါင်းစဉ်ပုံစံအမှန် ပြင်ဆင်ချက်၊ အခန်း(၃) အပိုဒ် ၆ ပြင်ဆင်ချက်၊ အခန်း(၅) အပိုဒ် ၁၈ ထပ်မံဖြည့်စွက်ချက်တို့ကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရာ သဘောမတူသူမရှိသည့်အတွက် ခေါင်းစဉ် ပုံစံအမှန်ပြင်ဆင်ချက်၊ အခန်း(၃) အပိုဒ် ၆ ပြင်ဆင်ချက်၊ အခန်း(၅) အပိုဒ် ၁၈ ထပ်မံဖြည့်စွက်ချက်တို့ အတည်ဖြစ်ကြောင်း ကြေညာသည်။

အတည်ဖြစ်သည့်အတွက် ၎င်းဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်း၏ "အပိုဒ် ၁ မှ ၂၀"နှင့် "အမည်နှင့်နိဒါန်း"သည် ၎င်းဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ကြောင်း တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရာ သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်သည်။

အဆိုအတည်ဖြစ်သည့်အတွက် ၎င်းဥပဒေကြမ်း၏ "အပိုဒ် ၁ မှ ၂၀"နှင့် "အမည်နှင့်နိဒါန်း"တို့သည် ၎င်းဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းကိုအတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က ယင်းအဆိုကို အတည်ပြုသည်။

အဆိုအတည်ဖြစ်သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်းကြေညာသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းရင်းသားလူမျိုးများရေးရာဥပဒေကြမ်း"**ကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တိုင်းရင်းသားလူမျိုးများရေးရာဥပဒေကြမ်း"**ကို ဖတ်ကြားတင်သွင်းသည်။

ယင်းဥပဒေကြမ်းကို လွှတ်တော်က လောလောဆယ် ဆိုင်းငံ့ထားကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ညနေ ၄ နာရီ ၅ မိနစ်တွင် ရပ်နားသည်။

ယနေ့အစည်းအဝေးတွင် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်၊ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ချက်တင်ပြခြင်း၊ အတည်ပြုခြင်း၊ ဦးဖေမြင့်မှ စာအုပ်(၄၁)အုပ် ပေးပို့လှူဒါန်းခြင်းကို မှတ်တမ်းတင်ခြင်း၊ မေးခွန်း(၁၀)ခုကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆို(၃)ခု တင်သွင်းခြင်း၊ ဥပဒေကြမ်း(၂)ခုကို တင်သွင်းခြင်း၊ ဥပဒေကြမ်း (၁)ခုကို ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း(၁)ခုကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးနာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဘွဲ့ခံဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား ဆက်ကပ်လှူဒါန်းမည့် ဘွဲ့တံဆိပ်အဆောင်အယောင် နမူနာပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဦးတည်ချက်များကို စွဲမြဲစွာ ခံယူစောင့်ထိန်းရေး၊
- ☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး၊
- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

* *ကျောဖုံးမှ*

ထပ်တိုး၍ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းခဲ့ပါကြောင်း။

စတင်ဆက်ကပ်ချီးမြှင့်

၁၉၅၃ ခုနှစ် ဆဋ္ဌအကြိမ် သင်္ဂါယနာတင်ပွဲကြီးကျင်းပဆဲ ကာလတွင် ပိဋကတ်သုံးပုံဆောင် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ကြီးအား "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့"ကို စတင်ဆက်ကပ်ချီးမြှင့်ခဲ့ပါကြောင်း။

၁၉၆၃ခုနှစ် နောက်ပိုင်းတွင် ဘွဲ့တံဆိပ်တော်ဆက်ကပ်မှုကို ရပ်နားထားခဲ့ပြီး ၁၉၇၉ခုနှစ်မှစ၍ ပရိယတ္တိစာပေဆိုင်ရာ ဘွဲ့တံဆိပ်တော်(၃)မျိုးဖြစ်သော"အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ အဘိဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်" တို့ကို ဆက်လက်ဆက်ကပ် ချီးမြှင့်အပ်နှင်းခဲ့ပါကြောင်း။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၈၉ ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်လက်ဆက်ကပ် လှူဒါန်းခဲ့ပါကြောင်း၊ ၁၉၉၁ ခုနှစ်တွင် မူလဘွဲ့တံဆိပ်တော်(၃)မျိုးအပြင် ပရိယတ္တိစာပေဆိုင်ရာ ဘွဲ့တံဆိပ်တော်(၃)မျိုး၊ ကမ္မဋ္ဌာန်းနည်းပြဘွဲ့တံဆိပ်တော်(၃)မျိုး၊ တရားဟောဓမ္မကထိကဆိုင်ရာ ဘွဲ့တံဆိပ်တော်(၂)မျိုး၊ သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော် (၄)မျိုးနှင့် လူပုဂ္ဂိုလ်များကိုချီးမြှင့်သည့် သာသနာနုဂ္ဂဟဆိုင်ရာဘွဲ့တံဆိပ်တော် (၈)မျိုး စုစုပေါင်း ဘွဲ့တံဆိပ်တော် အမျိုး(၂၀)တို့ကို အသစ်ထပ်မံတီထွင်ပြဋ္ဌာန်းခဲ့သဖြင့် ယခုအခါတွင် ဘွဲ့တံဆိပ်(၂၃) မျိုးကို ဆက်ကပ်ချီးမြှင့်အပ်နှင်းခဲ့ပါကြောင်း။

ဘွဲ့တံဆိပ်တော် (၂၃)မျိုး

ယခု ပြည်ထောင်စု သမ္မတနိုင်ငံတော် အစိုးရသစ်လက်ထက်တွင်လည်း အလားတူ ဘွဲ့တံဆိပ်တော်(၂၃)မျိုးကို သက်ဆိုင်ရာဘွဲ့တံဆိပ်တော်များအလိုက် ရဟန်း (၁၂၁) ပါး၊ သီလရှင် (၈)ပါးနှင့် လူပုဂ္ဂိုလ် (၃၁) ဦးတို့ အား ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ရက် လွတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း။

၂၀၁၂ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် နာယကအဖွဲ့နှင့် ဦးစီးကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါကြောင်း။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားမတိုင်မီ တစ်ရက်ခြားပြီး ၂၀၁၂ ခုနှစ် မတ် ၅ ရက် ဥပ္ပါတသန္တိကုန်းတော်၊ သာသနာ့မဟာဗိမာန်တော်ကြီး၌ နိုင်ငံတော်အဆင့်ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ရဟန်း၊ သီလရှင်တို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ဦးဆောင်၍နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းတို့ကိုဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

၂၀၁၂ ခုနှစ် မတ် ၇ ရက် (တပေါင်းလပြည့်) မွန်းတည့်၁၂နာရီတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းသည့် အခမ်းအနားကို နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်၊ သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း ကျင်းပမည်ဖြစ်ပါကြောင်း။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းပွဲအခမ်းအနားသို့ ကြွရောက်လာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဘွဲ့အလှူခံယူမည့် ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ နေပြည်တော်၌ သီတင်းသုံးနေစဉ်ကာလအတွင်း သီတင်းသုံးနေထိုင်ရေး ကိစ္စများ၊ ဆွမ်းကွမ်းဆိုင်ရာကိစ္စများ၊ သွားလာရေးကိစ္စရပ်များနှင့် ကျန်းမာရေးကိစ္စရပ်များကို အစစအဆင်ပြေစေရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာတော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဘွဲ့ခံဆရာတော် သံဃာတော်များနှင့်သီလရှင်ဆရာကြီးများ သီတင်းသုံးနေထိုင်ရေးဆွမ်းကွမ်းဝေယျာဝစ္စများ ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း အသေးစိတ် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက အခမ်းအနားပြင်ဆင်ရေးနှင့် အခမ်းအနားကျင်းပရေးဆပ်ကော်မတီ၊ ကြိုဆိုပင့်ဆောင်ရေးနှင့်နေရာချထားရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးဆပ်ကော်မတီ၊ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များစီစဉ်ရေး ဆပ်ကော်မတီ၊အခမ်းအနားသို့ သံဃာတော်များ ပင့်ဆောင်ရေးဆပ်ကော်မတီနှင့် ဥပ္ပါတသန္တိသာသနာ့မဟာဗိမာန်တော်ကြီးအတွင်း ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီတို့၏ လုပ်ငန်းများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးလုပ်ငန်းများ အချိန်မီ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက ဆွမ်းဆန်စိမ်း အဆင်ပြေစွာ လောင်းလှူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးသန့်က ဆွမ်းကွမ်းဝေယျာဝစ္စအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ကျော်ကျော်ထွန်းက လုံခြုံရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က လုံခြုံရေး၊ ချက်ပြုတ်ရေးနှင့် ပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လုံခြုံရေး၊ ဖိတ်ကြားရေး၊ ကျန်းမာရေးဆိုင်ရာ ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းစီမံချက်များအတိုင်း ဆောင်ရွက်ကြရန်၊ ဆပ်ကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျ ကြီးကြပ်၍ ဆပ်ကော်မတီအချင်းချင်း တက်ညီလက်ညီဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဧည့်သည်တော်များသည် ဘွဲ့ခံဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား ဆက်ကပ်လှူဒါန်းမည့် ဘွဲ့တံဆိပ်အဆောင်အယောင်နမူနာပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေး ချစ်ကြည်ရေးပိုမိုတိုးတက်ခိုင်မာရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်ဟောင်းနှင့် ဂျပန်-မြန်မာချစ်ကြည်ရေးလွှတ်တော်အဖွဲ့၏ အကြီးတန်းအကြံပေး Mr. Hideo WATANABE နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi SAITO တို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနှင့်ဂျပန်နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအပါအဝင် ချစ်ကြည်ရေးပိုမိုတိုးတက်ခိုင်မာရေးအတွက် အကောင်အထည်ဖော်သွားမည့် အစီအစဉ်များနှင့် (Oversea Development Assistant-ODA) အကူအညီဖြင့် မြန်မာနိုင်ငံလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်း၊ ဦးခင်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံမှ H.E. Mr. Yoshito SENGOKU (Member of the House of Representatives of Japan and Acting Chairman of Policy Research Council of the Democratic Party of Japan)၊ H.E. Mr. Kazuya MIMURA (Member of the House of Representatives of Japan) နှင့်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယနေ့ ည ၁၀နာရီ ၆မိနစ် ၂၀ စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၂၃၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကပ္ပလီပင်လယ်ပြင်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၅အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

အမ်စိုးဇာ စံချိန်သစ်တင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌဒိုင်းအကြိမ်(၆၀)မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ လူငယ်အားကစားလေ့ကျင့်ရေးစခန်းသုဝဏ္ဏ၌ ကျင်းပရာ အမျိုးသမီးကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် အမ်စိုးဇာ (စီးပွား/ကူးသန်း၊ အားကာ/သိပ္ပံ/မန္တလေး)က ၂၀၀၆ခုနှစ်တွင် ဝင်းဝင်းမော် (ရထားပို့ဆောင်ရေး)တင်ထားသော မြန်မာပြည်စံချိန် ၃၄ ဒသမ ၇၉ မီတာကို ၃၈ ဒသမ ၀၆ မီတာဖြင့် စံချိန်သစ်တင်သွားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းဒေသများ၌ ညအပူချိန်များတိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ဧရာဝတီမြစ်ပေါ်မှ မအူပင် တံတားကြီးက ခံ့ခံ့ညားညား။

ဧရာဝတီတိုင်းဒေသကြီးနေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု

ဧရာဝတီမြစ်ကူး မအူပင်တံတား



သတင်းမှတ်စု – မောင်ငြိမ်းအေး

မအူပင်တံတားမှတစ်ဆင့် အထွက်လမ်းမှာ ဖြောင့်ဖြူးသာယာ။

- မအူပင်တံတားမှ တစ်ဆင့် မအူပင်မြို့မှ မိုင် ၅၀ ခန့် ကွာဝေးသည့် ရန်ကုန်မြို့သို့ အချိန်တိုအတွင်း သွားရောက်နိုင်မည်ဖြစ်သကဲ့သို့ မအူပင်မြို့မှ ပုသိမ်နှင့် အခြားမြို့ကြီးများသို့ မော်တော်ယာဉ်ဖြင့် အလွယ်တကူ သွားရောက်နိုင်သည်။
- မအူပင်ခရိုင်အတွင်းမှ ထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ သားငါးပုစွန်များနှင့် အခြားထွက်ကုန်များကို အချိန်တိုအတွင်း ရန်ကုန်မြို့အပါအဝင် အခြားမြို့နယ်များသို့ တံတားကြီးမှတစ်ဆင့် လျင်မြန်စွာ ပို့ဆောင်နိုင်၍ မြို့နယ်သူ မြို့နယ်သားများ၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာ အထောက်အကူပြုနေပြီဖြစ်သည်။
- ယခင်က ရန်ကုန်-မအူပင်ခရီးကို ရေလမ်းခရီးသင်္ဘောဖြင့် ငါးနာရီကြာသွားလာခဲ့ရပြီး ယခုအခါ ကုန်းလမ်းခရီး မော်တော်ယာဉ်ဖြင့် တစ်နာရီခွဲသာ သွားရတော့သည်။

ဧရာဝတီမြစ်ကူး မအူပင်တံတားကြီးက လှပတင့်တယ်။

မအူပင်တံတား အချက်အလက်များ

၁။ မအူပင်တံတားမှာ အရှည် မီတာ ၇၂၀ ရှိသည်။
၂။ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅၀ မီတာ၊ လူသွားလမ်းအကျယ် ၁ ဒသမ ၈၀ မီတာရှိသည်။
၃။ တံတားအမျိုးအစားမှာ သံပေါင်ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မဖြစ်သည်။
၄။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ် မီတာ ၁၁၀၊ အမြင့် ၁၇ မီတာရှိသည်။
၅။ ခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။
၆။ မအူပင်တံတားစီမံကိန်းကို ၁-၃-၁၉၉၄ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၀-၂-၁၉၉၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။
၇။ မအူပင်တံတားသည် မအူပင်မြို့နယ် တလုပ်လပ်အရှေ့ကျေးရွာနှင့် တလုပ်လပ်အနောက်ကျေးရွာတို့တွင် တည်ရှိသည်။

မအူပင်တံတား အဝင်မုခ်ဦးက ကျက်သရေမင်္ဂလာ။

လုပ်ဖော်ကိုင်ဖက်အသွင် ပေါင်းစည်းညီညွတ်စွာ ဆောင်ရွက်မှသာ ရည်မှန်းချက်များ လျင်မြန်စွာ အကောင်အထည်ဖော်နိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ (၈)လရှိခဲ့ပြီ ဖြစ်ကြောင်း၊ မိမိတို့ မွေးမြူရေးနှင့်သားငါး ကဏ္ဍဖွံ့ဖြိုးရေး လုပ်ငန်းကော်မတီ၊ ကျေးလက်ဒေသ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးလုပ်ငန်း ကော်မတီတို့အနေဖြင့် ယနေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုများကို ပြန်လည်သုံးသပ်ကာ ဆက်လက်၍စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရမည် ဖြစ်ကြောင်း၊ ဦးစီးဌာနများ၊ လုပ်ငန်းများ၊ အသင်းစုချုပ်များ၊ CB ဘဏ်၊ မွေးမြူရေးဘဏ် စသည့်အဖွဲ့အစည်းများသည် တစ်ဦးနှင့် တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် လုပ်ဖော်ကိုင်ဖက်(Partnership) အသွင် ပေါင်းစည်းညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်မှသာ ရည်မှန်းချက်များ လျင်မြန်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့ အထောက်အကူပြုကော်မတီဝင်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးငှာ အကောင်အထည်ဖော်ရသည့် လုပ်ငန်းများအလိုက် စိတ်ဝင်စားစွာဖြင့် အာရုံစူးစိုက်ကာ အချိန်အဟုန်ဖြင့် အပတ်တကုတ် ကြိုးပမ်းအားထုတ်နေသူများကို အပေါ်စီးမှ ကြီးကြပ်ကွပ်ကဲခြင်းထက် အောက်ခြေအထိ ကွင်းဆင်းကာ အောက်ခြေ၏လိုအပ်ချက်များကို Bottom-Up အသွင်ပီပြင်စွာအားပေး ကူညီပံ့ပိုးရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို အလေးအနက်ထားရာ ရောက်ရှိမည်ဖြစ်ကြောင်း။

လူတစ်ဦးချင်းစီ၏ ဝတ်ရေး၊ နေရေးအတွက် ပူပင်သောကဆင်းရဲနွမ်းပါးမှုအား တစ်ဟုန်ထိုး ပြောင်းလဲတိုးတက်သွားစေရန် အချိန်ယူရမည်မှန်သော်လည်း နိစ္စဓူဝမဖြစ်မနေလိုအပ်နေသော စားရေးကဏ္ဍသည် နေ့စဉ်နှင့်အမျှလိုအပ်ချက်ဖြစ်၍ နည်းလမ်းမျိုးစုံထိုးထွင်းကြံဆနေရန်လိုကြောင်း၊ ယခုအခြေအနေတွင် နိုင်ငံတကာအဆင့်မီအောင် တစ်ဖက်တစ်လမ်းမှလည်း ကြိုးပမ်းနေဆဲမှာပင် မိမိနိုင်ငံ၏ ရှေ့စဉ်ဆက်မပြတ်ရှိခဲ့သော တိုင်းရင်း သား/ငါးများ မပြုန်းတီးရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက်ပိုင်း ကျင်းပသည့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့ ပူးပေါင်းကျင်းပသည့် အစည်းအဝေး၌ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်(အပေါ်ပုံ)က ဆွေးနွေးမှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးသန်းထွန်းက ဖွဲ့စည်းရေးကော်မတီဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ကုန်ထုတ်လုပ်မှုကော်မတီ၊ ကုန်သွယ်မှုကော်မတီ၊ ဝန်ဆောင်မှုကော်မတီ၊ ပညာရေးကော်မတီတို့ကလည်းကောင်း၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီအောက်ရှိ ဖွဲ့စည်းရေးကော်မတီ၊ ကုန်ထုတ်လုပ်မှုကော်မတီ(အသားကဏ္ဍ)၊ ကုန်ထုတ်လုပ်မှု ကော်မတီ(ငါးကဏ္ဍ)၊ ကုန်သွယ်မှုကော်မတီ၊ ဝန်ဆောင်မှုကော်မတီနှင့် ပညာပေးရေးကော်မတီတို့ကလည်းကောင်း ဆက်လက်ဆွေးနွေးကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ကော်မတီ(၂)ရပ်သည် အခြားသောလုပ်ငန်း ကော်မတီများနှင့်ပါ ပေါင်းစပ်ညှိနှိုင်းမှုကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မည်သူ၊ မည်သည့်ဌာနက မည်မျှဦးဆောင်ရမည်မဟုတ်ဘဲ အားလုံးပင် အရေးပါအရာရောက်ကြသဖြင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အထများကို မိမိတို့ကော်မတီများက ဖွဲ့စည်းပေးလိုက်သည့် အဖွဲ့အစည်းများအတွင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဦးလည်မသုန် အမှုထမ်းဆောင်ကြပါရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံပညာကဏ္ဍအတွက် ယူနက်စ်ကို အပြည့်အဝကူညီထောက်ပံ့မည် ပူးပေါင်းဆောင်ရွက်နိုင်မည့်အစီအစဉ်များ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား UNESCO မှ Regional Director Mr. Gwang Kim နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် Mr. Gwang Kim က အခြေခံပညာကဏ္ဍဆိုင်ရာကိစ္စများကို ဆွေးနွေးညှိနှိုင်းပြီး UNESCO အနေဖြင့် အခြေခံပညာကဏ္ဍအတွက် အပြည့်အဝကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း ညှိနှိုင်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် UNESCO နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး(ဒုတိယနေ့)ကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံး၌ ဆက်လက်ကျင်းပရာ **(အောက်ပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၉ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ် ၂၀ တို့က စည်ပင်သာယာရေးဆိုင်ရာ မေးခွန်း ၁၅ခု၊ ပညာရေးဆိုင်ရာမေးခွန်း သုံးခု၊ လျှပ်စစ်ကဏ္ဍဆိုင်ရာ မေးခွန်း နှစ်ခု၊ ပို့ဆောင်ရေးဆိုင်ရာမေးခွန်း တစ်ခုနှင့် အုပ်ချုပ်ရေးဆိုင်ရာ မေးခွန်း နှစ်ခုတို့ကို မေးမြန်းကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် သုံးဦးက အဆိုအသစ်သုံးခုကို လွှတ်တော်သို့ တင်သွင်းကြပြီး ယမန်နေ့က တင်သွင်းခဲ့သော 'မြို့နယ်ရဲတပ်ဖွဲ့ဝင်များအား လူသားချင်းစာနာထောက်ထားမှု၊ လူ့အခွင့်အရေးလေးစားလိုက်နာမှုစံနှုန်းများသိရှိရေးအတွက် အထူးသင်တန်းများပို့ချရေး' အဆို၊ 'သမိုင်းအစဉ်အလာကြီးမားသော ဝန်ကြီးများရုံး အဆောက်အအုံအား သမိုင်းဆိုင်ရာပြတိုက်အဖြစ် သတ်မှတ်သင့်ကြောင်း' အဆိုနှင့် 'ဆင်ခြေဖုံးမြို့နယ်များရှိ ဥပဓိရုပ်မကောင်းသော စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများအား အဆင့်မြှင့်ပြုပြင်သင့်ကြောင်း' အဆိုတို့ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းအဆို သုံးခုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်းဆုံးဖြတ်သည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေး(တတိယနေ့)ကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ဝင်ငွေလည်းပါဝင်သည်။ ၂၀၁၁ ခုနှစ်အတွင်း ကမ္ဘာ့ဝင်ငွေ အကောင်းဆုံး ဘောလုံးသမားဖြစ်သည်။

မန်ယူကစားသမားဟောင်းနှင့် လက်ရှိရီးရဲမက်ဒရစ်အသင်း တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုမှာ ၂၀၁၁ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၈ သန်း ဝင်ငွေရရှိခဲ့သည်။ ၎င်းဝင်ငွေများတွင် လုပ်ခလစာအပြင် နိုက်ကီ၊ အာမေနီ၊ ကိုကာကိုလာနှင့် ကတ်စတိုလ်ကုမ္ပဏီများနှင့် ကြော်ငြာစာချုပ် ချုပ်ဆိုမှုမှရရှိသည့် ဝင်ငွေများပါဝင်သည်။ စီရိုနယ်ဒို၏ လက်ရှိငွေကြေးချမ်းသာမှုမှ အမေရိကန်ဒေါ်လာသန်း ၁၆၀ခန့်ရှိသည်။ ကမ္ဘာပေါ်၌ ၂၀၁၁ ခုနှစ်အတွင်း ဒုတိယဝင်ငွေအကောင်းဆုံး ဘောလုံးသမားဖြစ်သည်။ အာဂျင်တီးနားဘောလုံးအသင်းနှင့် ဘာစီလိုနာအသင်း တိုက်စစ်မှူး မက်ဆီမှာ ၂၀၁၁ခုနှစ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၃၂သန်းရရှိခဲ့သည်။ ၎င်းဝင်ငွေများအနက် ဘာစီလိုနာအသင်း၌ ကစားနေသည့် တစ်နှစ်တာလုပ်ခလစာ အမေရိကန်ဒေါ်လာ ၁၆ သန်းပါဝင်သည်။ ထို့အပြင် အက်ဒီးဒတ်စ်၊ ပက်စီ၊ ကိုနာမီ၊ အော်ဒီမားစ်၊ ချယ်ရီနှင့် အဲဥရောပကုမ္ပဏီများနှင့် ကြော်ငြာစာချုပ်များမှရရှိသည့် ဝင်ငွေများလည်းပါဝင်သည်။ မက်ဆီ၏ လက်ရှိငွေကြေးချမ်းသာမှုမှာအသားတင်အနေဖြင့် အမေရိကန်ဒေါ်လာသန်း ၁၁၀ခန့်ဖြစ်ပြီး ကမ္ဘာပေါ်၌ ၂၀၁၁ခုနှစ်အတွင်း တတိယဝင်ငွေအကောင်းဆုံးဘောလုံးသမားဖြစ်သည်။

စတုတ္ထမြောက် ဝင်ငွေအကောင်းဆုံး ဘောလုံးသမားမှာ ဘရာဇီးဘောလုံးအသင်းနှင့်ရီးရဲမက်ဒရစ်အသင်း ဘောလုံးသမား ကာကာဖြစ်သည်။ ကာကာ၏ ၂၀၁၁ခုနှစ်အတွင်း ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၅ သန်းဖြစ်သည်။ လက်ရှိအချိန်၌ ကာကာ၏ ငွေကြေးချမ်းသာမှုမှာ အသားတင်အနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖြစ်သည်။ ပဉ္စမမြောက် ဝင်ငွေအကောင်းဆုံးမှာ ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းတွင်ကစားနေသော ရော်နယ်ဒင်ဟိုဖြစ်သည်။ ၂၀၁၁ ခုနှစ်အတွင်း ဝင်ငွေစုစုပေါင်းမှာ အမေရိကန် ဒေါ်လာ ၂၄ သန်းဖြစ်ပြီး စုစုပေါင်း အသားတင်ငွေကြေးချမ်းသာမှုမှာ အမေရိကန်ဒေါ်လာ ၉၂ သန်း ဖြစ်သည်။ ***(အင်တာနက်)***

ဆက်သွယ်ရေးဥပဒေ(မူကြမ်း)ဆိုင်ရာ ထပ်မံညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်နှင့်လျော်ညီသည့် ခိုင်မာသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းနိုင်ရန် ဆက်သွယ်ရေး ဥပဒေ(မူကြမ်း)ဆိုင်ရာ အသေးစိတ် ထပ်မံညှိနှိုင်းဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ **(အောက်ပုံ)** ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်လွင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဒွိလှ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးဒေါ်မော်မော်အေးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျင်လှိုင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်များနှင့် ဌာနကြီးမှူးများ၊ နော်ဝေးနိုင်ငံ TELENOR ဆက်သွယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများက အများပြည်သူအတွက် ဆက်သွယ်ရေးလုပ်ငန်းကို အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ခေတ်နှင့်အညီ လုပ်ကိုင်နိုင်စေရန် ဆက်သွယ်ရေးဥပဒေ(မူကြမ်း) ပြုစုထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြပြီး နော်ဝေးနိုင်ငံ TELENOR ဆက်သွယ်ရေးကုမ္ပဏီက ဆွေးနွေးရာတွင် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများခိုင်မာမှ ပုဂ္ဂလိကကဏ္ဍပါဝင်မှုနှင့်အတူ အရည်အသွေးပြည့်မီအောင် ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု၊ ဥရောပနိုင်ငံများတွင် မူဝါဒပြုစုတင်ပြသူများ (Regulator)များ၏ အခန်းကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှု စီးဝင်စေရေးအတွက် ဆွဲဆောင်မှု၊ ယှဉ်ပြိုင်မှုရှိသည့် ဈေးကွက်ဖော်ဆောင်ရေး၊ ဆက်သွယ်ရေးဖွံ့ဖြိုးမှု အရင်းအမြစ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုခွင့်ရစေရေးအပြင် ဥပဒေမဖြစ်ပေါ်မီ အဆင့်ဆင့်ပြုပြင်ပြောင်းလဲမှု၊ ဆောင်ရွက်ထားရှိမှုကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်ဂျင်နီယာများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နဝမအကြိမ်မြောက် အင်ဂျင်နီယာများ ဆုံစည်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် Royal Mingalardon Golf& Country Club ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ကစားလိုသော ဂေါက်သီးရိုက်ဝါသနာရှင်အင်ဂျင်နီယာများအနေဖြင့် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၃ နာရီခွဲနောက်ဆုံးထား၍ စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ ပြိုင်ပွဲ Sponsor အဖြစ် "CEO" အဖွဲ့က တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲ၌ အမှတ်တရပေးလိုသော ပုဂ္ဂိုလ်များနှင့် ကုမ္ပဏီအသင်းအဖွဲ့များသည် ဦးတင်အောင်မြင့် ဖုန်း-၀၉-၅၀၁၀၃၈၄၊ ဦးလှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃၊ ဦးမြင့်လွင် ဖုန်း-၀၉-၅၀၀၅၂၅၂၊ ဦးစိုးလွင်(မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း) ဖုန်း-၀၁-၅၁၉၆၇၃- Ext ၂၁၁နှင့် ဦးခင်အေး (AGTI ကျောင်းသားဟောင်းများအသင်း) ဖုန်း-၀၁-၅၁၉၈၆၃ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြသည်။

(သတင်းစဉ်)

16-2 (10).pmd 1 2/16/2012, 3:29 AM

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အဖွင့်အမှာစကားပြောကြား

အမှာစကား ပြောကြား

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေးနာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၅

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန စုံညီခန်းမ၌ ကျင်းပရာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေးနာယက၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ဆပ်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး နှစ်ပေါင်းထောင်သောင်းချီ၍ သန့်ရှင်းတည်တံ့ခိုင်မြဲရေးအတွက် စာပေသင်ကြားပို့ချမှု တည်းဟူသော ပရိယတ္တိ၊ ဗုဒ္ဓအဆုံးအမ လိုက်နာကျင့်သုံးမှုတည်းဟူသော ပဋိပတ္တိတို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သော သာသနာ့အာဇာနည် ရဟန်းပုဂ္ဂိုလ်၊ သီလရှင်၊ လူပုဂ္ဂိုလ်များအား နိုင်ငံတော်အစိုးရအဆက်ဆက်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ချီးမြှင့်ပေးခဲ့သည်ကို တွေ့ရပါကြောင်း။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ၁၉၁၅ ခုနှစ်မှစ၍ ပရိယတ္တိစာပေဆိုင်ရာ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းခဲ့ပါကြောင်း၊ ၁၉၅၃ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်အပြင် အဘိဇဓမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုပါ *စာမျက်နှာ ၈ ကော်လံ ၁* ✳

ဂရမ်မီ တေးဂီတဆုပေးပွဲ ပရိသတ် သန်း၄၀နီးပါးရှိ

မြင့်မောင်စိုး - ရေးသားသည်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၅

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှာ ကျင်းပခဲ့တဲ့ (၅၄)ကြိမ်မြောက် ဂရမ်မီတေးဂီတဆုပေးပွဲကို လွှင့်ခဲ့တဲ့ သီတင်းပတ်ကုန်ပိုင်းက ကျင်းပခဲ့ရာမှာ ရုပ်မြင်သံကြားကြည့်ရှုသူပရိသတ်ပေါင်း သန်း ၄၀ နီးပါး ရှိခဲ့တယ်လို့ စီဘီအက်စ်က ဖေဖော်ဝါရီ ၁၅ ရက်မှာ ကြေညာထားပါတယ်။

ဆွတ်ခူး

ဂရမ်မီဆုပေးပွဲမှာ ဗြိတိသျှအဆိုတော် အဒေလီ **(ယာပုံ)**က ဂရမ်မီဆုအများဆုံး ဆွတ်ခူးနိုင်ခဲ့ပြီး ဂရမ်မီဆုချီးမြှင့်ရေးသမိုင်းမှာ ဒုတိယ ဆုအများဆုံးရရှိသူ ဖြစ်လာခဲ့ပါတယ်။ ဂရမ်မီဆုတွေအတွက် ကြိုတင်ခန့်မှန်းတဲ့အတိုင်းဖြစ်မဖြစ်ဆိုတဲ့အချက်နဲ့ ဆုပေးပွဲမတိုင်မီတစ်ရက်အလို ဖေဖော်ဝါရီ ၁၁ရက်က အသက် ၄၈ နှစ်သာရှိသေးတဲ့ ကမ္ဘာကျော် အဆိုတော် ဝစ်နေးဟူစတန် ရုတ်တရက် ကွယ်လွန်သွားတာကြောင့်လည်း ရုပ်မြင်သံကြားကို ကြည့်ရှုသူဦးရေ တိုးလာတာဖြစ်တယ်လို့ဆိုပါတယ်။ **(အင်တာနက်)**

ရေစကြို၌ ဆောင်းမြေပဲ အထွက်တိုး

အိမွန်ဆွေ - ရေးသားသည်



ရေစကြို ဖေဖော်ဝါရီ ၁၅

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ဆောင်းမြေပဲကို စိုက်ပျိုးခဲ့ရာ အောင်မြင်လျက်ရှိပြီး ကန်ဒေါင့်ကျေးရွာအုပ်စုရှိ တောင်သူအချို့၏ ယာမြေများတွင် ဆောင်းမြေပဲစိုက်ခင်းကို ဖေဖော်ဝါရီ ၁၁ ရက်က တူးဖော်ကြသည်။ အဆိုပါစိုက်ခင်းများတွင် မကွေး(၁၁) သက်နု မြေပဲမျိုးကို စိုက်ပျိုးခဲ့ရာ တစ်ဧက တင်း ၁၀၀ ခန့် ထွက်ရှိ၍ ယခင်နှစ်များထက် မြေပဲအထွက်တိုးခဲ့ကြောင်း သိရသည်။

ကန်ဒေါင့်ကျေးရွာသည် နုန်းတင်မြေနုဒေသဖြစ်ရာ ပင်ထောင်သုံးလမြေပဲ၊ မကွေး(၁၁) သက်နုမျိုးကိုသာ စိုက်ပျိုးကြပြီး ယခင်နှစ်များက တင်း ၆၀ ခန့်သာ ထွက်ရှိခဲ့သော်လည်း ယခုနှစ်တွင် မြေပဲ ပိုမိုထွက်ရှိခဲ့ကြောင်း တောင်သူ ဦးကျော်မြင့်သိန်းက ပြောကြားခဲ့သည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း နိုင်ငံတကာအားကစား

➤ မောင်မောင်မြင့်ဆွေ - ရေးသားသည် ➤

၂၀၁၁ ခုနှစ်အတွင်း ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ဘောလုံးသမားများစာရင်း ထုတ်ပြန်

ကမ္ဘာ့ ဝင်ငွေ အကောင်းဆုံး ဘောလုံးသမား ဒေးဗစ်ဘက်ခမ်း

ကမ္ဘာ့ ဒုတိယဝင်ငွေ အကောင်းဆုံး ဘောလုံးသမား စီရော်နယ်ဒို

ကမ္ဘာ့ တတိယဝင်ငွေ အကောင်းဆုံး ဘောလုံးသမား မက်ဆီ

လန်ဒန် ဖေဖော်ဝါရီ ၁၅

ကမ္ဘာ့ဘောလုံးလောကတွင် ၂၀၁၁ ခုနှစ်အတွင်း ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ဘောလုံးသမားများစာရင်းကို ဒီလော့တီဝက်ဆိုက်ဘ်၌ ဖေဖော်ဝါရီ ၁၅ ရက်က ဖော်ပြခဲ့ရာ အင်္ဂလန်ဘောလုံးအသင်းကပ္ပတိန်ဟောင်း ဒေးဗစ်ဘက်ခမ်းမှာ ထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်။

ဒေးဗစ်ဘက်ခမ်းသည် လက်ရှိ၌ အမေရိကန်ကလပ် လော့စ်အိန်ဂျလိစ်ဂလက်စီတွင် ကစားလျက်ရှိသည်။ ၂၀၁၁ ခုနှစ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၀ ခန့် ရရှိခဲ့သူဖြစ်သည်။ ၎င်းဝင်ငွေများမှာ လုပ်ခလစာအပြင် အက်ဒီးဒတ်စ်၊ ဆမ်ဆောင်း ကုမ္ပဏီတို့နှင့် ကြော်ငြာစာချုပ်များမှ ***စာမျက်နှာ ၁၀ ကော်လံ ၁*** ●

16-2 (20).pmd 1 2/16/2012, 3:29 AM